# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (9-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ - ၁၈

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စာမျက်နှာ - ၅

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြအခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၈**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်နှင့် တစ်ပြေးညီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမြှင့်တင်နိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊

**စာမျက်နှာ ၂၁ ကော်လံ ၁**

## ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၆၅၇ ဧကထိ စိုက်ပျိုးပြီးစီး



**ကသာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၆၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၅၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၆၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ **စာမျက်နှာ ၂၁ ကော်လံ ၄**

## ဓာတ်အားလိုင်းကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ယာယီဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီးဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်ထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို တိုင်အမှတ်(၁၁၄)နှင့် (၁၁၅)ကြားနှင့် တိုင်အမှတ် (၁၁၈)နှင့် (၁၁၉)ကြားတို့တွင် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက်ဓာတ်အားလိုင်းကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်ထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၄**

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် ဇူလိုင် ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်

**စာမျက်နှာ ၂၁ ကော်လံ ၁**



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၉ ရက်
အယ်ဒီတာ့အာဘော်

# မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်

နှစ်စဉ်မိုးရာသီရောက်တိုင်း ဖြစ်ပွားလေ့ရှိသည့်ရောဂါများမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်နေထိုင်ကြရမည်ဖြစ်သည်။ မိုးရာသီတွင် အများဆုံးဖြစ်ပွားလေ့ရှိသည့်ရောဂါများမှာ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ စသည်တို့ဖြစ်သည်။

ယခုကဲ့သို့ စိုစွတ်သည့်မိုးရာသီသည် အသက်ရှူလမ်းကြောင်းစနစ်ကို ဒုက္ခပေးသော တုပ်ကွေးဗိုင်းရပ်များ ရှင်သန်ပေါက်ဖွားရာ ရာသီဖြစ်ပြီး အထူးသဖြင့် ရာသီတုပ်ကွေးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုအဖြစ်များသောကာလဖြစ်သည်။ ထို့ကြောင့် အဆိုပါရောဂါများ ကူးစက်မခံရရေးအတွက် ကျန်းမာနေရန် လိုအပ်ပေသည်။

မိုးရာသီတွင်ဖြစ်ပွားသောရောဂါများအနက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသော အေးဒိစ်ခြင်ကျားအကိုက်မခံရအောင် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ အေးဒိစ်ခြင်ကျားသည် နေခင်းဘက်တွင်ကိုက်တတ်ပြီး နေအိမ်ရှိအလင်းရောင်နည်းသောနေရာများတွင်ခိုအောင်းနေတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ခြင်ပေါက်ဖွားနိုင်သောနေရာများနှင့် ခြင်များခိုအောင်းနေထိုင်နိုင်သောနေရာများကို ရှင်းလင်းခြင်း၊ ရေဝပ်နိုင်သော မော်တော်ကားတာယာဟောင်းများ၊ အိုးခွက်များကို သွန်ခြင်း၊ အဖုံးဖုံးခြင်း၊ ရေလှောင်ကန်များကို ခြင်ပေါက်ဖွားမှုမရှိစေရန် လုံခြုံအောင်ဖုံးပိတ်ထားခြင်း၊ ဘုရားပန်းအိုးအတွင်းမှရေကို ပုံမှန်လဲလှယ်ပေးခြင်း၊ နေ့ခင်းဘက်တွင် အိပ်စက်ပါက ခြင်ထောင်ထောင်၍ အိပ်စက်ခြင်း၊ ခြင်ကိုက်မခံရအောင် ခြင်နိုင်ဆေးဖျန်းခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်း၊ ရေသိမ်းဆည်းသိုလှောင်သောနေရာများကို ပိုးလောက်လမ်းများ မပေါက်ဖွားစေရန် အမြဲစနစ်တကျလုံအောင်ဖုံးအုပ်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်ရမည်ဖြစ်သည်။ မိုးရာသီတွင်ဖြစ်လေ့ဖြစ်ထရှိသောရောဂါများကို ကာကွယ်ရန်အတွက် ခြင်အကိုက်မခံရအောင် ဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်သည်။

ထို့ပြင် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ အူရောင်ငန်းဖျား စသည့်ရောဂါများသည် အစားအစာနှင့် သောက်သုံးရေသန့်ရှင်းရေးကို ဂရုစိုက်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်နိုင်သည်။ အစားအစာကို သန့်ရှင်းစွာထားခြင်း လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်၊ အသားငါးတို့ကို စနစ်တကျချက်ပြုတ်စားခြင်း၊ သန့်ရှင်းသည့်ရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်းဖြင့် အထက်ပါရောဂါများကို ကာကွယ်နိုင်သည်။ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသောရောဂါများကို ကာကွယ်ရန်အတွက် ကျန်းမာရေးကောင်းမွန်အောင်၊ ကိုယ်ခံအားရှိအောင် သန့်ရှင်းလတ်ဆတ်သည့်အစားအစာကို ရွေးချယ်စားသုံးခြင်း၊ အနေအထိုင်ဆင်ခြင်ခြင်းတို့ ဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်သည်။

ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသောအခါတွင် သိရှိကြ၏။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဖြစ်သည်။ ထို့ကြောင့် မိုးရာသီကာလတွင် ဖြစ်ပွားတတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန် ပိုးလောက်လမ်းများ မပေါက်ဖွားနိုင်အောင် ခြင်များခိုအောင်းနိုင်သောနေရာများကို ရှင်းလင်းခြင်း၊ အမှည့်လွန်သစ်သီးများ စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိနေအိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ မြောင်းများရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနေထိုင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်းများကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အမြဲမပြတ်ဆောင်ရွက်ကြကာ မိုးရာသီဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်နေထိုင်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**ပြင်ဦးလွင် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း အနီးစခန်းလေဆိပ်ရှေ့ မိုင်တိုင်အမှတ်(၃၄/၀)ဖာလုံမှ မိုင်တိုင်အမှတ်(၃၄/၃)ဖာလုံထိ ယခင်ဒွေးလမ်းကို လေးလမ်းသွားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ယာဉ်ကြောပြ အမှတ်အသားများ ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးရွာ၊ လေးအိမ်စုရွာ၊ တောင်ပြို့ရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံး ဆက်သွယ်နိုင်မည့် အရှည်ပေ ၄၁၀၀ ရှိ လမ်းကြောင်း (၂) နှင့် မိုးကြိုးရွာမှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် အရှည် ပေ ၅၃၀၀ ရှိ လမ်းကြောင်း (၁) တို့ ဖောက်လုပ်နေမှု၊ အကျယ် ၂၄ ပေ၊ အရှည်ပေ ၆၀၊ ခံနိုင်ဝန် ၁၃ တန်ရှိ Steel Plate Girder တံတားအသစ်နှစ်စင်း တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပွဲကောက်ရေတံခွန်အနီး ဂဲလောင်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် မူလဘေလီတံတားကို အကျယ် ၂၄ ပေ၊ အရှည် ပေ ၆၀၊ ခံနိုင်ဝန်တန် ၂၀ Steel Plate Girder တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေမှု၊ မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း မိုင်တိုင်အမှတ် (၂၃/၃)ဖာလုံမှ ဗဟိုမီးသတ်သင်တန်းကျောင်းထိ လမ်းအရှည်သုံးမိုင်ကို လမ်းအူကြောင်း ပြေပြစ်စေရန် ပြန်လည်ပြင်ဆင်ခြင်းနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအဝင်လမ်းပေါ်ရှိ အရှည် ပေ ၈၀၊ အကျယ် ၂၄ ပေရှိ ယာယီဘေလီတံတား၊ အရှည် ပေ ၂၀၊ အကျယ် ၂၄ ပေ၊ အရှည် ပေ ၃၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ် တံတားများတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မလှိုင်မြို့နယ် ကျောင်းစု(နောက်)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာအုပ်စု ကျောင်းစု(နောက်)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောင်းစု(နောက်)ကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းစု(နောက်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ခြောက်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၅၃၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆) ဖွင့်

**ကျောက်ပန်းတောင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးကြီးမှ ၂၅ ဦး၊ တမ္ပဝတီဈေးသစ်ကြီးမှ ၁၀ ဦး စုစုပေါင်း သင်တန်းသား ၃၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ် မီးဘေးလုံခြုံရေးဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းလတ်နှင့် ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်နေဦး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် နှစ်ဖက်မိဘများ အမှူးထား၍ အလှူရှင် မောင်ကျော်သူရ-မအေးချမ်းမိုးတို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၈၅၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ သူနာပြုအုပ် ဒေါ်ခင်ဌေးပိုနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၉၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၉၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၅၆၉၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၉၈ ဧက၊ ဖူးစားပြောင်း ၂၉၉ ဧက၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၈၂၀၊ ထီးချိုင့်မြို့နယ်တွင် ဖူးစားပြောင်း ၃၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၁၉၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပြောင်းသီးနှံဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ပြောင်းသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၉၄၇ ဧက၊ ဖူးစားပြောင်း ၁၇၂၅ ဧက၊ အင်းတော်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၅ ဧက၊ ဖူးစားပြောင်း ဧက ၅၀၀၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၂၉ ဧက၊ ဖူးစားပြောင်း ၁၂၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၂၀၀ စုစုပေါင်း ၅၆၉၁ ဧက ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် အင်းဝင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**သာစည် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်းဝင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အင်းဝင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိုများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်းကာ တင်ပို့ရောင်းချနေကြောင်း၊ မေလအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်းက ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူတာများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ အခုလို ငါးမြွေထိုးခြောက်တွေ အမှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး တင်ပို့အားကောင်းလာခြင်းကြောင့် ငါးမွေးမြူသူများ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၈၅၀၀၀ ထိရှိကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ညောင်ရမ်းခေတ် သူငယ်တော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ ဘုရင့်အနားတွင် လက်နက်ကိုင်၍ စောင့်ရသူတို့မှာ ဘုရင့်အသက်ကို အလွယ်တကူလုပ်ကြံနိုင်သူများဖြစ်သည်။ ထို့ကြောင့် ဘုရင်သည် မိမိ၏လုံခြုံရေးအတွက် ယုံကြည်စိတ်ချရသောသူများကိုသာ ရွေးချယ်ခန့်ထားမည်ဖြစ်သည်။ ထိုသို့သော ခန့်ထားသူစာရင်းတွင် သူငယ်တော်သေနတ်အမှုထမ်းတို့မှာ ဘုရင်ယုံကြည်စိတ်ချရသော လက်နက်ကိုင်အဖွဲ့ဝင်များဖြစ်ကြောင်း ထင်ရှားလှသည်။ "စွန့်စားသူငယ်တော်မှူးသွေးသောက်"ဟူသော စကားအရလည်း ဘုရင့်အမိန့်တော်ကို အသက်စွန့်၍ အမှုထမ်းမည့် သွေးသောက်အဖွဲ့ဖြစ်ကြောင်း သိရသည်။ ❖**

ဒုတိယအင်းဝခေတ်ဟုခေါ်သော ညောင်ရမ်းခေတ်ကို တည်ထောင်ခဲ့သူ ညောင်ရမ်းမင်းတရားကြီးသည် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားခင်ပြည့်စုံတို့မှ မွေးဖွားခဲ့သော သားတော်ဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် ညောင်ရမ်းမြို့ကို စားရသည်။ ထို့အတူ နောင်တော် နန္ဒဘုရင်လက်ထက်တွင်လည်း ညောင်ရမ်းမြို့ကိုပင် ထပ်မံ၍စားရသည်။ နောင်တော် နန္ဒဘုရင်လက်ထက်တွင် ဘုရင့်နောင်မင်းတရားကြီး တည်ထောင်ခဲ့သော နိုင်ငံတော်ကို ဆက်လက်တည်တံ့အောင် မထိန်းသိမ်းနိုင်ဘဲ တစ်စတစ်စ ပြိုကွဲလာပြီဖြစ်သည်။ ထိုအချိန်အခါတွင် ညောင်ရမ်းမင်းတရားကြီးသည် လက်နက်လူသူစုဆောင်း၍ ညောင်ရမ်းမြို့ကို အခိုင်အလုံနေသည်။ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ပေါက်မြိုင်၊ သာဂရ၊ ပင်းတလဲ၊ ပြည်စသည် စသည့်မြို့များကို သိမ်းယူ၍ အင်အားကိုတိုးချဲ့ခဲ့သည်။ ထို့နောက် သက္ကရာဇ် ၉၅၉ ခုနှစ်တွင် အင်းဝမြို့သို့လာပြီး သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် အင်းဝမြို့ကို ဒုတိယအကြိမ်တည်ထောင်၍ စိုးစံခဲ့သည်။ သို့ဖြစ်သောကြောင့် ထိုခေတ်ကို ဒုတိယအင်းဝခေတ်ဟူ၍လည်းကောင်း၊ ညောင်ရမ်းမင်းတရားကြီး၏ အဆက်အနွယ်များ အစဉ်အဆက်စိုးစံခဲ့သောကြောင့် ညောင်ရမ်းခေတ်ဟူ၍လည်းကောင်း သတ်မှတ်ကြသည်။

ညောင်ရမ်းခေတ်သည် ညောင်ရမ်းမင်းတရားကြီး စတင်တည်ထောင်ခဲ့သည့် သက္ကရာဇ် ၉၅၉ ခုနှစ်မှစ၍ နောက်ဆုံး မဟာဓမ္မရာဇာဓိပတိမင်းနန်းကျသည့် ၁၁၁၃ ခုထိ နှစ်ပေါင်း ၁၅၄ နှစ် ကြာမြင့်ခဲ့သည်။ နှစ်ပေါင်း ၁၅၄ နှစ်အတွင်း မင်းဆက် ၁၀ ဆက် စိုးစံခဲ့သည်။ ညောင်ရမ်းမင်း ၁၀ ဆက်မှာ

၁။ ညောင်ရမ်းမင်းတရားကြီး (၉၅၉-၉၆၇)
၂။ အနောက်ဘက်လွန်မင်း (၉၆၇-၉၉၀)
၃။ သာလွန်မင်း (၉၉၁-၁၀၁၀)
၄။ ပင်းတလဲမင်း (၁၀၁၀-၁၀၂၃)
၅။ ပြည်မင်း (၁၀၂၃-၁၀၃၄)
၆။ နရာဝရမင်း (၁၀၃၄- နန်းစံ ၁၁ လ)
၇။ မင်းရဲကျော်ထင် (၁၀၃၄- ၁၀၆၀)
၈။ စနေမင်း (၁၀၆၀-၁၀၇၆)
၉။ တနင်္ဂနွေမင်း (၁၀၇၆-၁၀၉၅)
၁၀။ မဟာဓမ္မရာဇာဓိပတိမင်း(၁၀၉၅-၁၁၁၃)
တို့ဖြစ်သည်။

ညောင်ရမ်းခေတ်တွင် သူငယ်တော်တို့သည် လက်နက်ကိုင်အမှုထမ်းရသည့်အဆင့်သို့ ရောက်ရှိလာသည်ကိုတွေ့ရသည်။ ညောင်ရမ်းမင်းတရားကြီး လက်ထက်တွင် နန်းတော်လုံခြုံရေးအတွက် လက်နက်ကိုင်အမှုထမ်းများဖွဲ့ရာတွင် သူငယ်တော်တို့သည် သေနတ်ကိုင်အမှုထမ်းများအဖြစ် အမှုထမ်းခဲ့ရသည်။ ထိုသို့သော အမှုထမ်းတို့အတွက် နေမြေ၊ လုပ်စားမြေများ သနားတော်မူသည့် အကြောင်းကို မြို့ရွာနယ်ပယ်သမိုင်း၌ -

"ပန်းရသေနတ်၊ တံတားဦးသေနတ်၊ အတွင်းဝန်းကျင်သေနတ်၊ သူငယ်တော်သေနတ်၊ ဘရင်ဂျီသေနတ်များမှာ ခမည်းတော်ဘုရားဖွဲ့တော်မူသည့်အတိုင်းတည်စေ။ နေမြေ၊ လုပ်မြေ၊ စားမြေ ပေးချသနားတော်မူသည့် အရာများလည်း ရှေးအတိုင်းတည်စေ"စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုအထောက်အထားအရ ညောင်ရမ်းခေတ်တွင် သူငယ်တော် သေနတ်ကိုင် အမှုထမ်းတို့အတွက် နေစရာနေရာ၊ လုပ်စားစရာ မြေများပေးခဲ့ကြောင်း ထင်ရှားလှ၏။ ထိုသို့ သူငယ်တော်အမှုထမ်းများ နေထိုင်ရာကို သူငယ်တော်ရွာဟူ၍ ခေါ်လာကြခြင်းဖြစ်သည်။ သာလွန်မင်းတရားကြီး လက်ထက်တွင်လည်း သူငယ်တော်တို့အတွက် မြေနယ်ပယ်ပေးချသည့်အကြောင်းကို မှတ်တမ်းတစ်ခုတွင် "အနောက်ဝန်စီရင်စု သူငယ်တော်သားတို့ကို မြေနယ်ပယ် ပေးချတော်မူသည်"ဟူ၍ ဖော်ပြထားသည်။

သက္ကရာဇ် ၉၆၇ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်နေ့ (၁၆၀၅ ခု နိုဝင်ဘာ ၉ ရက်) ထုတ်ပြန်ခဲ့သော အမိန့်တော်တစ်ရပ်တွင် သူငယ်တော်နှင့် သက်ဆိုင်သည့် ထူးထူးခြားခြားအသုံးကိုတွေ့ရသည်။ ၎င်းအသုံးမှာ "စွန့်စားသူငယ်တော်မှူးသွေ့သောက် (သွေးသောက်)" ဟူ၍ဖြစ်သည်။ ဤအသုံးအနှုန်းအရ ညောင်ရမ်းခေတ် သူငယ်တော်တို့သည် အရှင်၏ အမှုတော်ကို အသက်စွန့်၍ စွန့်စွန့်စားစား အမှုထမ်းရသော သွေးသောက်စုအမှုထမ်းများဖြစ်ကြောင်း သိရသည်။ ဆရာမြန်စာဂုဏ်ကျော်မြင့် မိန့်ဆိုသလို ရှင်ဘုရင်ယုံကြည်အားထားရသည့် ရဲဘော်သင်း အမှုထမ်းများဖြစ်သည်ဟုဆိုရပေမည်။ သူငယ်တော်သေနတ် အမှုထမ်းတို့သည် ဘုရင်မင်းမြတ်စံတော်မူရာနန်းတော်ကိုစောင့်ရသည့် အမှုတော်ထမ်းများဖြစ်ကြောင်းကိုလည်း မြို့ရွာနယ်ပယ်သမိုင်း၌ -

"ဟံသာဝတီပါ ရာဇဘယသွေးသောက်၊ ကြူးတော်စားသွေးသောက်တို့မှာ လက်ဝဲ ၅၀၊ လက်ျာ ၅၀၊ မုတ္တမမြို့ပါသေနတ်၊ သရေခေတ္တရာမြို့ပါ သေနတ်၊ အကျင့်ပါသေနတ်၊ ဝမ်ကြင်သေနတ်၊ မင်းတုန်းပါ သေနတ်၊ ဝမ်ကျင်သေနတ် (နှစ်ခါပါ)၊ ညောင်ရမ်းပါ သေနတ်၊ တံတားဦး သေနတ်၊ ပန်းရသေနတ်၊ သူငယ်တော်သေနတ် အစုစုတို့ကို မြေနန်းတော်မှာ ခန့်ထားတော်မူ၍ အစုတွင် သေနတ် လက်ဝဲ ၅၀၊ လက်ျာ ၅၀၊ အိပ်ဖန်မှာ သွေးသောက်ကြီးတို့နှင့် တစုလျှင် ၁၀ စီ မြေနန်းတော်မှာ အိပ်ရသည်"စသည်ဖြင့် ဖော်ပြထားသည်။ အိပ်ဖန်ကို အိပ်ဖန်စောင့်ဟူ၍လည်း ရေးကြသည်။ လုံခြုံရေးအတွက် ညအိပ်၍စောင့်ကြပ်ရသူကို ဆိုခြင်းဖြစ်သည်။

သူငယ်တော် သေနတ်အမှုထမ်းတို့သည် လုံခြုံရေးအတွက် မြေနန်းတော်တွင် ညအိပ်၍ စောင့်ရသူများဖြစ်ကြောင်း သိရပေသည်။ ပဒေသရာဇာ၏ အစုအငန်းဖွဲ့ စာတမ်းတွင်လည်း သူငယ်တော်သေနတ်အမှုထမ်းတို့သည် ရွှေနန်းတော်တွင် ညအိပ်စောင့်ရကြောင်းကို မြို့ရွာနယ်ပယ် သမိုင်းနည်းတူစွာပင် "ဟံသာဝတီပါရာဇဘယသွေးသောက်၊ ကြူးတော်စားသွေးသောက်၊ မုတ္တမမြို့ပါသေနတ်၊ မင်းတုန်းပါသေနတ်၊ ဝန်းကျင်သေနတ်၊ ညောင်ရမ်းပါ သေနတ်၊ တံတားဦးသေနတ်၊ ပင်းယသေနတ်၊ သူငယ်တော် သေနတ်သည် အစုစုသား ရွှေနန်းတော်မှာ အိပ်ရသည်"ဟူ၍ ဖော်ပြထားသည်။

ပုဂံခေတ် ပင်းယခေတ်၊ အင်းဝခေတ်က သူငယ်ကောင်းတို့သည် မည်သည့်ဝန်၏ စီရင်မှုအောက်တွင် အမှုထမ်းခဲ့သည်ကို မသိရသော်လည်း ညောင်ရမ်းခေတ်တွင် သူငယ်တော်အမှုထမ်းတို့သည် အနောက်ဝန်၏စီရင်မှုအောက်တွင် အမှုထမ်းရကြောင်းကို သက္ကရာဇ် ၉၉၇ ခုနှစ် သာလွန်မင်း လက်ထက် ထုတ်ပြန်ခဲ့သော အမိန့်တော်တစ်ခုတွင် တွေ့ရသည်။ ထိုအမိန့်တော်အရ အနောက်ဝန်၏ စီရင်မှုအောက်တွင် အစုအမှုထမ်း ၄၀ ရှိကြောင်း သိရသည်။ အမိန့်တော်တွင် -

"အနောက်ဝန်တို့ စီရင်နက်မှာလည်း ရေကြည်တော်တင်သောအစု၊ သူငယ်တော်အစု၊ သပေါက်စု၊ ယက်ကန်းတော်ယက်စု၊ ဗိုင်းတာစု၊ ဝင့်သီတော်စု၊ ပေါက်ပေါက်လှော်စု၊ ၄က်တော်စောင့်စု၊ သန့်စင်တော်စု၊ ကျိုင်းကြီးစု၊ ကျိုင်းငယ်စု၊ ထမ်းစင်ထမ်းစု၊ နွားဘဏ္ဍာထိန်းစု၊ ပန်းတော်လုပ်စု၊ စားတော်ဆံဖွတ်စု၊ အတွင်းစားတော်သည်စု၊ ကြေးဘဏ္ဍာတော်ဆက်စု၊ နန္ဒင်းတော်လုပ်စု၊ ကဝါတော်ဖွတ်စု၊ ပြည့်တံဆာစု၊ ထောင်ချင်းစု၊ ဆွမ်းတော်လောင်းစု၊ ရှမ်းသူငယ်မြင်းစု၊ ဗေဒင်စု၊ စာပြန်စု၊ သပေါက်မှူးစု၊ သွောက်စု၊ လူပေါင်းစု၊ သူကောင်းစု၊ ထီးတော်လုပ်စု၊ ဘီးတော်လုပ်စု၊ သစ်စေးတော်စု၊ ရေဘဏ္ဍာစု၊ ဝန်တော်ရွက်စု၊ အထိန်းစု၊ အချီစု၊ နွားနို့ညှစ်စု၊ ကျွဲနို့ညှစ်စု၊ ဆန်တော်ဆက်စု၊ ထုံသင်းသွေးစု၊ အစုစုဦးရေ ၄၀ တို့မှာလည်း အစဉ်ရှိသည့်အတိုင်း အစုအငန်းကူးသန်း၍ မထမ်းမရွက်စေနှင့်"စသည်ဖြင့် ဖော်ပြထားသည်။

သူငယ်တော်ဟူသော အမည်တူသော်လည်း လုပ်ကိုင်ရသော နေရာဌာန ကွဲပြားကြောင်းကို သာလွန်မင်းလက်ထက် အမိန့်တော်တစ်ခုတွင် တွေ့ရသည်။ အနောက်ဝန် စီရင်စုတွင်ပါဝင်သော အစုအသားတို့မှာ တစ်စုမှတစ်စုသို့ အကူးအပြောင်းလုပ်၍ အမှုထမ်းသောကြောင့် ထိုသို့မလုပ်ရန် အမိန့်ထုတ်သည်။ အစု ၄၀ တွင် မြင့်သည်၊ မျှသည်၊ နိမ့်သည်ဟူ၍ အစုသုံးမျိုးကွဲရာတွင် နိမ့်ရာသူသည်လည်း မြင့်ရာသို့ မတက်ရန်၊ မြင့်ရာကသူသည်လည်း နိမ့်ရာသို့ မသက်ရန် အမိန့်ထုတ်ခဲ့သည်။ အမိန့်တော်တစ်နေရာတွင်-

"နန်းတွင်း၌ မသာမှုရှိလျှင် ဆင်ကပ်စေ၊ သူငယ်တော်အလောင်းထားသည့် အောက်မြေက စောင့်နေရသည်။ အစုအိမ်သာတော်စောင့် တမျက်ချေးကျုံး လူစုတို့သည် မြင့်ရာသို့မတက်ရဖြစ်သည်" ဟူ၍ ဖော်ပြထားသဖြင့် အနိမ့်စုတွင်ပါဝင်သော အလောင်းစောင့်သူငယ်တော်ဟူသော အမှုထမ်းရှိကြောင်း သိရသည်။ တစ်ဖန် ၎င်းအမိန့်တော်၌ပင် သူငယ်တော်နှင့်ပတ်သက်၍ ထပ်မံတွေ့ရပြန်သည်မှာ-

"ရွှေဝမြို့တော်သေနတ်၊ မြေနန်းတော်သေနတ်၊ တံတားဦးသေနတ်၊ ဘရင်ဂျီသေနတ်၊ သူငယ်တော်သေနတ်အစုသားတို့ကို ရေတော်ခပ်များမှာ ရေအိုးပိုက်စေ၊ ငါထွက်တော်မူလျှင် ရှေ့နောက် လက်ဝဲလက်ယာ ထွက်တော်မူရာတွင် သေနတ်စွဲကိုင်၍ လိုက်စေ" စသည်ဖြင့် ဖော်ပြထားသည်။

ဤထောက်အထားအရ အမိန့်တော်တစ်ခုတည်း၌ပင် သူငယ်တော်တို့၏ အလုပ်အကိုင်နှစ်မျိုး တွေ့ရသဖြင့် သူငယ်တော်တို့မှာ အမည်တူသော်လည်း အလုပ်အကိုင်မတူကြောင်း သိရပေသည်။ နန်းတော်ဆင်ကပ်တွင် အလောင်းစောင့်ရသော သူငယ်တော်နှင့် ဘုရင့်လုံခြုံရေးအတွက် သေနတ်ကိုင်၍ လိုက်ရသော သူငယ်တော်တို့မှာ အမည်တူသော်လည်း အလုပ်အကိုင်ကွဲကြောင်း သိရသည်။

အနောက်ဝန်အစုတွင် ပါဝင်သောအမှုထမ်းတို့ကို တစ်စုမှတစ်စုသို့ပြောင်း၍ အမှုမထမ်းရန် အမိန့်တော်များထုတ်ပြန်ခဲ့သော်လည်း တစ်ခါတစ်ရံ ရဟန်းတော်တို့ မေတ္တာစာဆက်သွင်းချက်အရ အနောက်ဝန်အစုမှနုတ်၍ အခြားအစုသို့ ပြောင်းရွှေ့အမှုထမ်းစေသော အထောက်အထားများလည်း တွေ့ရသည်။ သက္ကရာဇ် ၁၁၀၅ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် (၁၇၄၃ ခု၊ ဇွန် ၁၂ ရက်) တွင် ထုတ်ပြန်ခဲ့သောအမိန့်တော်၌ အိမ်ရှေ့ကျောင်းတော် သီရိမဟာမင်္ဂလာဇေဆရာတော်မေတ္တာစာဆက်သွင်းချက်ကြောင့် အနောက်ဝန်စုမှ သူငယ်တော်တို့ကို မူရင်းအစုမှနုတ်၍ လုံပေါက်မြင်းစုမှာ ပြောင်းရွှေ့အမှုထမ်းရကြောင်းကို တွေ့ရသည်။ ထို့ကြောင့် အစုအမှုထမ်းတို့ကို တစ်စုမှတစ်စုသို့ ပြောင်းရွှေ့အမှုထမ်းခွင့်ပြု မပြုမှာ ဘုရင်၏စိတ်ဆန္ဒအပေါ်တွင်သာ မူတည်ကြောင်း သိရသည်။

ပင်းယခေတ်အခါကကဲ့သို့ပင် ညောင်ရမ်းခေတ်တွင်လည်း ဘုရင့်သားတော်များထံ၌ ခစားရသော သူငယ်တော်အမှုထမ်းများရှိသည်။ ရခိုင်ဆရာတော်ပြုစုသော ဓညဝတီအရေးတော်ပုံတွင် တနင်္ဂနွေမင်း၏ သားတော် အိမ်ရှေ့မင်းထံ၌ သူငယ်တော်အမှုထမ်းများရှိကြောင်း ဖော်ပြထားသည်။

ညောင်ရမ်းခေတ်တစ်ခုလုံးကို ခြုံ၍ကြည့်လျှင် သူငယ်တော်တို့သည် အမည်တူသော်လည်း အလုပ်အကိုင်မတူကြောင်းကို တွေ့ရမည်ဖြစ်သည်။ သူငယ်တော်သေနတ်အမှုထမ်းတို့မှာ ဘုရင့်လုံခြုံရေးအတွက် နန်းတော်ကိုစောင့်ရသူ၊ ဘုရင်ထွက်တော်မူလျှင် သေနတ်ကိုင်၍ လုံခြုံရေးလိုက်ရသူများဖြစ်သောကြောင့် ဘုရင်ယုံကြည်ရသည့် အဆင့်အတန်းမြင့်သော အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များဟု ဆိုရမည်ဖြစ်သည်။

ဘုရင့်အနားတွင် လက်နက်ကိုင်၍ စောင့်ရသူတို့မှာ ဘုရင့်အသက်ကို အလွယ်တကူလုပ်ကြံနိုင်သူများဖြစ်သည်။ ထို့ကြောင့် ဘုရင်သည် မိမိ၏လုံခြုံရေးအတွက် ယုံကြည်စိတ်ချရသော သူများကိုသာ ရွေးချယ်ခန့်ထားမည်ဖြစ်သည်။ ထိုသို့သော ခန့်ထားသူစာရင်းတွင် သူငယ်တော်သေနတ်အမှုထမ်းတို့မှာ ဘုရင်ယုံကြည်စိတ်ချရသော လက်နက်ကိုင် အဖွဲ့ဝင်များဖြစ်ကြောင်း ထင်ရှားလှသည်။ "**စွန့်စားသူငယ်တော်မှူး သွေးသောက်**"ဟူသော စကားအရလည်း ဘုရင့်အမိန့်တော်ကို အသက်စွန့်၍ အမှုထမ်းမည့် သွေးသောက်အဖွဲ့ဖြစ်ကြောင်း သိရသည်။ ထိုသို့သော ဘုရင့်လူယုံတော် အဆင့်အတန်းမြင့် သေနတ်ကိုင် သူငယ်တော်များရှိသကဲ့သို့ နန်းတွင်း၌ သေဆုံးသူရှိလျှင် အလောင်းစောင့်ရသည့် နိမ့်ကျသော သူငယ်တော်အမှုထမ်းမျိုးလည်း ရှိလာပြီဖြစ်ကြောင်း သိရပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# စကား

– မုသားမပါ လက်ာမချော
သကာနှောတဲ့ စကားဆို၊
ပျားရည်နှယ် ချိုမြတော့
မပြောရပါလို၊
အကျိုးမရှိ အပြစ်ပို
နားဝင်ချို ဆိုစကား၊
မပြောခင် ဆင်ခြင်တွေး
ဝေးဝေးရှောင်ရှား။

– လောကဝယ် မေတ္တာထား
သူတစ်ပါး အကျိုးကွယ်၊
နေ့တိုင်းလေ အစဉ်တွေး
ပြောကြားပေးမယ်၊
သူ့မကြိုက် မေတ္တာမပြယ်
ချစ်သဒ္ဓါကြွယ် လမ်းပြပေး၊
မေတ္တာမှန် ရောင်ပြန်ဟပ်သမို့
မြင့်မြတ်စိတ်မွေး။

– ဘဝဝယ် သံသရာဘေးက
လွတ်မြောက်ဆေး ပြရလျှင်၊
ဗုဒ္ဓရယ် ချမှတ်ထားတဲ့
စကားလမ်းစဉ်၊
သူတစ်ပါး အကျိုးကိုပင်
အမျိုးလိုမြင် ပြောကြားမှ၊
ဘဝဝယ် လျှောက်သောလမ်း
အေးချမ်းသာစွ။ ။

ချစ်သက်(မြန်မာစာ)

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်၁၂၀၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ပဲပုပ် ၁၂၅၈ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ လေရှီးမြို့နယ်တွင် ၁၂၁ ကေ၊ ဆွမ္မရာမြို့တွင် ၁၆ ကေ၊ လဟယ်မြို့နယ်တွင် ၄၈၈ ကေ၊ ထန်ပါခွေမြို့တွင် ၁၁၅ ကေ၊ နန်းယွန်းမြို့နယ်တွင် ၁၇၂ ကေ၊ ဒုံဟီးမြို့တွင် ၂၂၁ ကေနှင့်ပန်ဆောင်မြို့တွင် ၆၈ ကေ စုစုပေါင်း ၁၂၀၁ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ ပဲပုပ် ၁၂၅၈ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၀၁ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနဲ့ ပဲပုပ်တွေ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၁၁ ကေ၊ ဆွမ္မရာမြို့တွင် ၁၁ ကေ၊ လဟယ်မြို့နယ်တွင် ၃၄၉ ကေ၊ထန်ပါခွေမြို့တွင် ၁၂၂ ကေ၊ နန်းယွန်းမြို့နယ်တွင် ၁၄၂ ကေ၊ ဒုံဟီးမြို့တွင် ၂၅၂ ကေနှင့်ပန်ဆောင်မြို့တွင် ၇၁ ကေ စုစုပေါင်း ၁၂၅၈ ကေတို့ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် သုံးဆက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သုံးဆက်ကျေးရွာ၊ မြန်အောင်စုကျေးရွာနှင့် ဇေယျကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက သုံးဆက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သုံးဆက်ကျေးရွာ၊ မြန်အောင်စုကျေးရွာနှင့် ဇေယျကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၁၆ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ပြောပြ၍ သိရသည်။

**သံသာ**

# အုတ်ဖိုမြို့နယ် အုန်းနှဲကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အုတ်ဖို ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းနှဲကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက အုန်းနှဲကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းနှဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ကြံတိုင်းအောင်၊ မြင့်မိုရ်ဦး၊ ရောင်နီသစ်နှင့် ဖိုးခွားလေး စသည့်အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# သမ္မတရာထူးသက်တမ်းတိုးရေးဖွဲ့စည်းပုံ ပြင်ဆင်ချက် ဇင်ဘာဘွေသမ္မတ လက်မှတ်ရေးထိုး

**ဟာရဲရား ဇူလိုင် ၈**

သမ္မတရာထူး သက်တမ်းကို လက်ရှိ ငါးနှစ်မှ ခုနစ်နှစ်သို့ မြှင့်တင်ထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်ကို ဇင်ဘာဘွေ သမ္မတ အမ်မာဆန် အမ်နန်ဂါဂွာက လက်မှတ်ရေးထိုးခဲ့ကြောင်း ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတအမ်နန်ဂါဂွာ လက်မှတ်ရေးထိုးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် ပြည်သူ့ထောက်ခံမှုဖြင့် သမ္မတရွေးကောက်တင်မြှောက်မှုစနစ်ကိုလည်း ဖျက်သိမ်းထားသည်။

အဆိုပါ ဥပဒေပြင်ဆင်ချက်အရ အသက် ၈၃ နှစ်ရှိ သမ္မတ အမ်နန်ဂါဂွာသည် ၂၀၃၀ ပြည့်နှစ်ထိ သမ္မတရာထူးကို ဆက်လက်ရယူနိုင်မည်ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ မူလပြဋ္ဌာန်းချက်များအရ သမ္မတရာထူးသက်တမ်းကို ငါးနှစ်သတ်မှတ်ထားပြီး အများဆုံး နှစ်ကြိမ်ထိသာ ဆက်တိုက်ရယူနိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ မူလပြဋ္ဌာန်းချက်များအရ သမ္မတ အမ်နန်ဂါဂွာ၏ ဒုတိယမြောက်နှင့် နောက်ဆုံး သမ္မတရာထူး သက်တမ်း မှာ ၂၀၂၈ ခုနှစ်တွင် ပြည့်မည်ဖြစ်သည်။

သမ္မတရာထူးသက်တမ်း နှစ်နှစ်ထပ်တိုးရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ဇင်ဘာဘွေ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်က ယခုနှစ် ဇွန်လအတွင်း အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရက်သတ္တပတ်မပြည့်မီ တတိယအကြိမ်အဖြစ် ကီယက်ဗ်မြို့ကို ရုရှားတပ်များတိုက်ခိုက်

**မော်စကို ဇူလိုင် ၈**

ရက်သတ္တပတ်မပြည့်မီ ကာလအတွင်း တတိယအကြိမ်အဖြစ် ရုရှားတပ်များက ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ဇူလိုင် ၇ ရက် ညပိုင်းတွင် ဘလစ်စတစ်ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံ အင်ကာရာမြို့၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ထိပ်သီးညီလာခံ ကျင်းပနေချိန်တွင် ရုရှားနိုင်ငံက ကီယက်ဗ်မြို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်း လေကြောင်းရန် ကာကွယ်ရေးတပ်များ အနေဖြင့် ဇူလိုင် ၇ ရက် တိုက်ခိုက်မှုတွင် ရုရှားမောင်းသူမဲ့ဒရုန်းယာဉ် ၁၆၉ စင်းအနက် ၁၃၉ စင်းကို ဟန့်တားနိုင်ခဲ့သော်လည်း ရုရှားဒုံးကျည်များကို တားဆီးနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း ယူကရိန်းနိုင်ငံကို လေကြောင်း တိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်၍ စစ်ရေးအရ ဖိအားပေးရန်ကြိုးပမ်းခဲ့သည်။

ယူကရိန်းနိုင်ငံ အနေဖြင့် လေကြောင်းရန် ကာကွယ်ရေးစနစ် အားနည်းချက်များရှိလာချိန်တွင် ရုရှားဒုံးကျည်များကို တားဆီးနိုင်စွမ်း နည်းပါးလာကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် လေးနှစ်ကျော်ကြာ ယူကရိန်း စစ်ရေးပဋိပက္ခ၏ စစ်ရေးရည်မှန်းချက် ပြည့်မြောက်သည်ထိ ယူကရိန်းကို စစ်ရေးအရ ဆက်လက်ဖိအားပေးနေမည်ဟု ရုရှားသမ္မတ ပူတင်က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန် တိုက်ခိုက်



**ဝါရှင်တန် ဇူလိုင် ၈**

ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်းသွားလာနေသည့် ရေယာဉ်များကို အီရန်တော်လှန်ရေး အစောင့်တပ်က တိုက်ခိုက်ခဲ့ပြီးနောက် အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော်က ဇူလိုင် ၇ ရက် ညပိုင်းတွင် တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသော သင်္ဘောများ တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံတွင်းရှိ စစ်ရေးပစ်မှတ် ၈၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် တပ်မတော်အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အလားတူ ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ရေနံများ ပြည်ပတင်ပို့ရောင်းချခွင့်ကို အမေရိကန်အစိုးရက ဇူလိုင် ၇ ရက်တွင် ပြန်လည်ပိတ်ပင်ခဲ့သည်။

ဇွန် ၁၇ ရက်တွင် ရယူထားသော အချက် ၁၄ ချက်ပါ အီရန်စစ်ရေး ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်အရ အပစ်အခတ်ရပ်စဲရေး ရက် ၆၀ အတွင်း အမေရိကန်အစိုးရက အီရန်ရေနံများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပေးထားသည်။

အမေရိကန် တပ်မတော်၏ ဇူလိုင် ၇ ရက် တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ယနေ့တွင် ကူဝိတ်နှင့် ဘာရိန်းနိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကို မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း အီရန်တော်လှန်ရေး အစောင့်တပ်သည် ဟော်မုဇ်ရေလက်ကြား ထိန်းချုပ်ပိုင်ခွင့် ပိုမိုခိုင်မာရေး ကြိုးပမ်းသည့်အနေဖြင့် ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသောသင်္ဘောများကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်အခြေစိုက်လေကြောင်းလိုင်းများ ယခုနှစ် မေလအတွင်း လေယာဉ်ဆီဖိုး ဒေါ်လာခြောက်ဘီလီယံကျော်သုံးခဲ့ရ

**နယူးယောက် ဇူလိုင် ၈**

အမေရိကန် အခြေစိုက် လေကြောင်းလိုင်းများ ယခုနှစ် မေလအတွင်း ဂျက်လေယာဉ်ဆီ ဝယ်ယူသုံးစွဲရေးအတွက် အသုံးပြုခဲ့သော ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၆ ဘီလီယံထိရှိခဲ့ကြောင်း ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုနှစ်မေလသည် အမေရိကန် လေကြောင်းလိုင်းများ လေယာဉ်ဆီအတွက် သုံးစွဲခဲ့သည့် ငွေကြေးပမာဏ ဒေါ်လာ ခြောက်ဘီလီယံကို ကျော်လွန်ခဲ့သော ဒုတိယမြောက်လဖြစ်ပြီး ယခုနှစ် ဧပြီလအတွင်းကလည်း လေယာဉ်ဆီအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၇ ဘီလီယံထိ သုံးစွဲခဲ့ရသည်။

အမေရိကန် လေကြောင်းလိုင်းများ ယခုနှစ် မေလအတွင်း သုံးစွဲခဲ့သော လေယာဉ်ဆီ ကုန်ကျစရိတ်သည် ယခင်နှစ် မေလနှင့်နှိုင်းယှဉ်ပါက ၈၄ ရာခိုင်နှုန်း ပို၍မြင့်မားလာခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် အီရန်စစ်ရေးပဋိပက္ခ၏ အကျိုးသက်ရောက်မှုကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာချိန်တွင် အမေရိကန် လေကြောင်းများ သုံးစွဲခဲ့သည့် လေယာဉ်ဆီကုန်ကျစရိတ်လည်း နှစ်လဆက်တိုက် မြင့်တက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နယူးယောက်မြို့ အထပ်မြင့်အဆောက်အအုံတစ်လုံး၌ သံမဏိထောက်တိုင်နှစ်ချောင်း ကွေးညွတ်မှုကြောင့် ပြိုကျမည့်အန္တရာယ်ရှိနေ

**နယူးယောက် ဇူလိုင် ၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မင်ဟက်တန် ရပ်ကွက်ရှိ ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံး၏ သံမဏိထောက်တိုင်နှစ်ချောင်း ကွေးညွတ်လာမှုကြောင့် ပြိုကျမည့်အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိတွင် အဆိုပါ အဆောက်အအုံ တည်ငြိမ်ရေးအတွက် အင်ဂျင်နီယာများက ကြိုးပမ်းနေကြောင်း သိရသည်။



မင်ဟက်တန်ရပ်ကွက် ၄၂ လမ်းတွင်ရှိသော အဆိုပါ ၃၇ ထပ် အဆောက်အအုံမှအုတ်ခဲများ ပြုတ်ကျလာခဲ့ပြီးနောက် ထိုအဆောက်အအုံ၏ သံမဏိထောက်တိုင်များ ကွေးညွတ်နေမှုကို အင်ဂျင်နီယာများက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

နယူးယောက်မီးသတ်တပ်ဖွဲ့၏ အဆိုအရ ထိုဆောက်အအုံ၏ ၂၁ ထပ်နှင့် ၂၂ ထပ်တို့တွင် သံမဏိထောက်တိုင်နှစ်ချောင်း ကွေးညွတ်လာခြင်းဖြစ်သည်။

ထိုသံမဏိထောက်တိုင်များ ကွေးညွတ်လာခဲ့ပြီးနောက် အဆောက်အအုံ၏ အခြားအထပ်များမှာ လက်မအနည်းငယ်မျှ ကျုံ့ကျလာခဲ့ကြောင်း နယူးယောက် မီးသတ်တပ်ဖွဲ့က ပြောကြားထားသည်။

အဆောက်အအုံ၏ သံမဏိထောက်တိုင်နှစ်ချောင်း ကွေးညွတ်လာမှုကြောင့် အနီးတစ်ဝိုက်ရှိ အဆောက်အအုံများ၌ နေထိုင်သူကို အရေးပေါ်ရွှေ့ပြောင်းပေးထားရသည်။

လက်ရှိတွင် ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများက အဆောက်အအုံတည်ငြိမ်မှုကို ထိန်းထားရေးအတွက် ကြိုးပမ်းနေဆဲဟု နယူးယောက် မီးသတ်တပ်ဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက ထရန်စပေါ်တာ-၁၇ မစ်ရှင်ဖြင့် ဂြိုဟ်တု ၈၁ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ ထရန်စပေါ်တာ-၁၇ မစ်ရှင်ဖြင့် ဂြိုဟ်တု ၈၁ စင်းကို ဇူလိုင် ၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ထရန်စပေါ်တာ-၁၇ မစ်ရှင်အရ ဂြိုဟ်တု ၈၁ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဗင်ဒန်ဘာ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံသည် အဆိုပါဂြိုဟ်တု ၈၁ စင်းကို လွှတ်တင်ပြီး ၅၀ ဒသမ ၅ မိနစ်အကြာတွင် သက်ဆိုင်ရာ ပတ်လမ်းများပေါ်သို့စတင်ပို့ဆောင်ခဲ့ရာ ၂ ဒသမ ၅ နာရီခန့်တွင် ပြီးဆုံးခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်မှာ လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း၊ စပေ့စ်အိတ်ကုမ္ပဏီသည် ထရန်စပေါ်တာမစ်ရှင်၊ ဘန့်ဝက်ဂွန်းမစ်ရှင်များဖြင့် ဂြိုဟ်တုစင်းရေအများအပြားကို စုပေါင်းစပ်ပေါင်းလွှတ်တင်ပေးလျက်ရှိကြောင်း သိရသည်။

ထရန်စပေါ်တာ-၁၇ မစ်ရှင်မတိုင်မီ စပေ့စ်အိတ်ကုမ္ပဏီသည် ထရန်စပေါ်တာမစ်ရှင် ၁၆ ခု၊ ဘန့်ဝက်ဂွန်းမစ်ရှင်လေးခုတို့ဖြင့် ဂြိုဟ်တုစင်းရေ ၁၈၀၀ ကျော်လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နဂါးငွေ့တန်းကြယ်စု၏လက်တံများက မူလမျှော်လင့်ထားသည်ထက်ပို၍ အာကာသဟင်းလင်းပြင်အတွင်းသို့ ရှည်လျားစွာပြန့်ထွက်နေ

ရောမ ဇူလိုင် ၈

နဂါးငွေ့တန်းကြယ်စု၏ လက်တံများသည် မူလမျှော်လင့်ထားသည်ထက်ပို၍ အာကာသဟင်းလင်းပြင်အတွင်းသို့ ပို၍ရှည်လျားစွာ ပြန့်ထွက်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီသိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်နှင့် ဥရောပအာကာသအေဂျင်စီ၏ အိတ်အမ်အမ်နယူတန် ရေဒီယိုတယ်လီစကုပ်တို့ကို အသုံးပြု၍ နဂါးငွေ့တန်းကြယ်စု၏ လက်တံများကို တိုင်းတာခဲ့ကြကြောင်း သိရသည်။



လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နဂါးငွေ့တန်းကြယ်စု၏ လက်တံများသည် မူလတွေးထင်ထားသည်ထက် ၁၀ ရာခိုင်နှုန်းပို၍အာကာသဟင်းလင်းပြင်အတွင်း တိုးဝင်ပြန့်ထွက်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏တွက်ချက်မှုအရ နဂါးငွေ့တန်းကြယ်စုအကြီးဆုံးလက်တံ၏ ဖုန်မှုန့်တိမ်တိုက်သည် အလင်းနှစ် ၃၅၀၀ ကျော်ထိ ကျယ်ပြန့်ကြောင်း သိရသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စု၏ လက်တံများကို လွန်ခဲ့သော နှစ် ၁၀၀ ခန့်ကပင် သိရှိသတိထားမိခဲ့ကြသော်လည်း ကမ္ဘာဂြိုဟ်၏ တည်နေရာ အနေအထားကြောင့် ကြယ်စုလက်တံများကို တိုင်းတာရေးအတွက် အခက်အခဲရှိခဲ့ကြောင်း သိရသည်။

အီတလီ သိပ္ပံပညာရှင်များသည် ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်၊ အိတ်အမ်အမ်နယူတန် အာကာသရေဒီယိုတယ်လီစကုပ်တို့၏အကူအညီဖြင့် ဂမ်မာရောင်ခြည်ပေါက်ကွဲမှုများကို လေ့လာခဲ့ပြီးနောက် ကြယ်စုလက်တံများ ပြန့်ထွက်ရောက်ရှိမှုအကွာအဝေးကို တိုင်းတာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်သိပ္ပံအကယ်ဒမီနှင့် ဘူမိသိပ္ပံပညာရှင်များက ဂျူရက်ဆစ်ဘူမိခေတ်ငှက်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိ

ပေကျင်း ဇူလိုင် ၈

တရုတ် သိပ္ပံအကယ်ဒမီနှင့် ဘူမိသိပ္ပံအင်စတီကျူမှ သိပ္ပံပညာရှင်များသည် ဂျူရက်ဆစ်ဘူမိခေတ်ငှက်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

Zhengheornis Byyu ဟူ၍ အမည်ပေးထားသော အဆိုပါငှက် ကျောက်ဖြစ်ရုပ်ကြွင်းသည် ငှက်များ၏ အမြီးများ ဆင့်ကဲပြောင်းလဲမှုကို လေ့လာရာတွင် အထောက်အကူ ပြုနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Zheng-heornis Byyu ငှက်ကျောက်ဖြစ်ရုပ်ကြွင်း၏အမြီးတွင် တိုတောင်းသည့် အမြီးအရိုးခက် ၁၈ ခုထိ ပါဝင်ကြောင်း သိရသည်။

အမြီးအရိုးဆစ်များတိုတောင်းမှုသည် ဒိုင်နိုဆောများ ငှက်အဖြစ်သို့ ဆင့်ကဲပြောင်းလဲရာတွင် အဓိကလက္ခဏာတစ်ရပ်ဖြစ်သည်။

Zhengheornis Byyu ငှက်သည် ကိုယ်အလေးချိန်အားဖြင့် ၇၄ ဂရမ်မှ ၁၆၃ ဂရမ်ထိရှိပြီး ကိုယ်ထည်အလျား စင်တီမီတာ ၂၀ ခန့်သာရှိကြောင်း သိရသည်။

Zhengheornis Byyu ငှက်များသည် ဂျူရက်ဆစ်ဘူမိခေတ်နှောင်းပိုင်းကာလ လွန်ခဲ့သောနှစ်သန်း ၁၅၀ ခန့်တွင် ပေါ်ထွက်ခဲ့သောငှက်များဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အမျိုးသားများ၏ ပန်းသေပန်းညှိုးပြဿနာက နှလုံးသွေးကြောဆိုင်ရာရောဂါများ၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်

ရောမ ဇူလိုင် ၈

အမျိုးသားများ၏ ပန်းသေပန်းညှိုးပြဿနာသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီသုတေသနပညာရှင်များသည် ပန်းသေပန်းညှိုးပြဿနာနှင့် နှလုံးကျန်းမာရေးတို့ကြား ဆက်စပ်နေမှုကို လေ့လာထားသည့်လေ့လာချက်ပေါင်း ခုနစ်ခုတို့ကို အသေးစိတ်ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပန်းသေပန်းညှိုးပြဿနာရှိနေသူများသည် မရှိသူများနှင့်နှိုင်းယှဉ်ပါက နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ ၁ ဒသမ ၄ ဆ ပိုမြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ပန်းသေပန်းညှိုးပြဿနာတို့၏ ရောဂါနောက်ခံအကြောင်းတရားများမှာ တူညီမှုရှိပြီး ဆေးလိပ်သောက်သုံးခြင်းနှင့် လေ့ကျင့်ခန်းပြုလုပ်မှုမရှိခြင်းတို့မှာ အဓိကနောက်ခံအကြောင်းတရားများဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးသွေးကြောဆိုင်ရာရောဂါများမပေါ်မီ နှစ်နှင့်ချီ၍ ကြိုတင်ပေါ်ထွက်လာတတ်သည့် ရှေ့ပြေးလက္ခဏာများဖြစ်နိုင်ကြောင်း အီတလီသုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် ကြွက်သားပိုမိုအားကောင်းလာပြီး လူ့ကိုယ်ခန္ဓာ၏ ကင်ဆာရောဂါ တုံ့ပြန်တိုက်ဖျက်နိုင်စွမ်းကို အထောက်အကူပြုနိုင်

စင်ကာပူ ဇူလိုင် ၈

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့် ကြွက်သားပိုမိုအားကောင်းလာပြီး လူ့ကိုယ်ခန္ဓာ၏ ကင်ဆာရောဂါ တုံ့ပြန်တိုက်ဖျက်နိုင်စွမ်းကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စင်ကာပူသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပြုလုပ်မှုသည် အိုမင်းလာသည့် ကြွက်သားများ၏ သဘာဝ ကင်ဆာတိုက်ဖျက်ရေးစွမ်းဆောင်ရည်ကို ပြန်လည်ထိန်းသိမ်း ပေးနိုင်ကြောင်း သိရသည်။

စင်ကာပူသုတေသနပညာရှင်များသည် လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးသက်ရောက်မှုများကို ကြွက်များဖြင့် လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် လူသားများသည်လည်း အဆိုပါအကျိုးကျေးဇူးမျိုး ရယူနိုင်ခြင်းရှိ၊ မရှိ အတည်ပြုနိုင်ရေးအတွက် လေ့လာမှုများဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း စင်ကာပူသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်ဇယား

ပြင်သစ် - မော်ရိုကို

(၁၀-၇-၂၀၂၆ နံနက် ၂နာရီခွဲ)

စပိန် - ဘယ်လ်ဂျီယံ

(၁၁-၇-၂၀၂၆ နံနက် ၁နာရီခွဲ)

နော်ဝေ - အင်္ဂလန်

(၁၂-၇-၂၀၂၆ နံနက် ၃နာရီခွဲ)

အာဂျင်တီးနား - ဆွစ်ဇာလန်

(၁၂-၇-၂၀၂၆ နံနက် ၇နာရီခွဲ)

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် အာဂျင်တီးနားအသင်းမှ မက်ဆီ စံချိန်သစ်တင်

ဝါရှင်တန် ဇူလိုင် ၈

၂၀၂၆ ကမ္ဘာ့ဖလား ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက အီဂျစ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အာဂျင်တီးနားအသင်းမှ မက်ဆီက အသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီး နောက် ပြိုင်ပွဲသမိုင်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မက်ဆီသည် အီဂျစ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်နေသည့်အခြေအနေမှ အသင်းကို အကောင်းဆုံးဦးဆောင်၍ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ယခုပြိုင်ပွဲတွင် သွင်းဂိုး ရှစ်ဂိုးထိ ရှိလာခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၂၀ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ဖြင့် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအများဆုံး ပြုလုပ်ထားသည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

ယခင်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးဖန်တီးမှုအများဆုံး ပြုလုပ်နိုင်သည့်ကစားသမားမှာ အာဂျင်တီးနားအသင်း တိုက်စစ်မှူးဟောင်း မာရာဒိုနာက ရှစ်ကြိမ်ဖြင့် စံချိန်တင်ထားခဲ့သော်လည်း ယခုအခါ မက်ဆီက အီဂျစ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု ကိုးကြိမ်ဖြင့် မာရာဒိုနာ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မက်ဆီသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှစ၍ ၁၆ သင်း ရှုံးထွက်အဆင့်ထိ ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ဂျိုကိုဗစ် တက်ရောက်

လန်ဒန် ဇူလိုင် ၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ကနေဒါတင်းနစ် ကစားသမား ဖီလစ်အူကာတို့ ယှဉ်ပြိုင်ခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၃-၆၊ ၆-၃၊ ၆-၇၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာ ၅ နာရီ ၁၅ မိနစ်ထိ ကြာမြင့်ခဲ့သည့်အတွက် တင်းနစ်လောကတွင် အချိန်အကြာဆုံး ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် အသက် ၃၉ နှစ်ရှိ ဂျိုကိုဗစ်အနေဖြင့် ယခုပွဲစဉ်တွင် ကြံ့ခိုင်မှု ကောင်းမွန်နေဆဲဖြစ်ကြောင်းကို သက်သေပြနိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ပူပန်စိုးရိမ်မှုတွေ ရှိနေခဲ့တယ်ဆိုပေမဲ့လဲ ဒီအရာတွေကို ကျွန်တော် အကောင်းဆုံး ထိန်းချုပ်ပြီး စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ ဒီပွဲစဉ်ဟာ သိပ်ကိုခက်ခဲခဲ့ပါတယ်။ ဒီလောက်ထိ ကစားနိုင်လိမ့်မယ်လို့လဲထင်မထားပါဘူး။ ပွဲအဆုံးမှာ ကျွန်တော်ဒီလောက်ထိ ကစားနိုင်သေးသလားဆိုပြီး အံ့ဩနေခဲ့မိပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်တော့် မိသားစုတွေလဲ ကွင်းထဲမှာလာ အားပေးကြပါတယ်။ သူတို့တွေ ကွင်းထဲမှာ ပွဲပြီးတဲ့ထိ ရှိနေတာက ကျွန်တော့်ကို ခွန်အားဖြစ်စေခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# အီဂျစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က အီဂျစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ပွဲစဉ်တွင်တာဝန်ယူခဲ့သည့်ဒိုင်အဖွဲ့ကို စစ်ဆေးပေးရန် ဖီဖာထံတောင်းဆို

ဝါရှင်တန် ဇူလိုင် ၈

အီဂျစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွင် တာဝန်ယူ ကြီးကြပ်ခဲ့ကြသည့် ဒိုင်အဖွဲ့ကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပေးရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ထံ တောင်းဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၇၈ မိနစ်ထိ အီဂျစ်အသင်းက နှစ်ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်၏ သံသယ ဖြစ်ဖွယ် ဆုံးဖြတ်ချက်များကြောင့် ပွဲပြီးဆုံးချိန်တွင် အာဂျင်တီးနား အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပွဲချိန် ၅၈ မိနစ်တွင် အီဂျစ်အသင်းမှ ဇစ်ကိုသွင်းယူခဲ့သည့် သွင်းဂိုးကို ကွင်းလယ်ဒိုင်က VAR စနစ်ဖြင့် ပယ်ဖျက်ခဲ့ပြီး အာဂျင်တီးနားအသင်းမှ မာတီနက်ဇ်က ဂိုးဧရိယာအတွင်း အီဂျစ်အသင်းမှဆာလာဟ်ကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သော်လည်း ကွင်းလယ်ဒိုင်က VAR စနစ်ကြည့်ရှုခြင်းမရှိသည့်အတွက် အီဂျစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က တာဝန်ယူ ကြီးကြပ်ခဲ့သည့် ဒိုင်အဖွဲ့ကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပွဲပြီးဆုံးခါနီး နှစ်ဂိုး စီသရေရလဒ် ထွက်ပေါ်နေချိန်တွင် မာတီနက်ဇ်ကပင် အာဂျင်တီးနားအသင်းဂိုးဧရိယာအတွင်း အီဂျစ်အသင်းကစားသမားကို ဖျက်ထုတ်ပုံ ထပ်မံကြမ်းတမ်းခဲ့သော်လည်း ကွင်းလယ်ဒိုင်က ပင်နယ်တီဖြစ်ဒဏ်သတ်မှတ်ပေးခြင်းမရှိသည့်အတွက် အီဂျစ်အသင်း နည်းပြအဖွဲ့ဝင်များ စောဒကတက်ခဲ့ရာ အဝါကတ်ပြသခံခဲ့ရပြီးနောက် အဆိုပါဖြစ်ရပ်အတွက် ဒိုင်အဖွဲ့ကို အီဂျစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က စစ်ဆေးပေးရန် ဖီဖာထံတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် အန်ဒီရုဇ်က ကာဘာယယ်နှင့် ထိုးသတ်ရန်ဆွေးနွေးနေ

မက္ကဆီကိုစီးတီး ဇူလိုင် ၈

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မက္ကဆီကို လက်ဝှေ့သမားအန်ဒီရုဇ်က ဂျာမနီ လက်ဝှေ့သမား ကာဘာယယ်နှင့် ထိုးသတ်ရန် ဆွေးနွေးနေကြောင်း ပြောကြားခဲ့သည်ဟု talkSPORT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဘာယယ်သည် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီ ချန်ပီယံတစ်ဦးဖြစ်ပြီး အန်ဒီရုဇ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ ချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ ချန်ပီယံ ယူကရိန်း လက်ဝှေ့သမား အူဆက်ခ်သည် ချန်ပီယံခါးပတ်များကိုစွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးနောက် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်မှာ လစ်လပ်နေသည့်အတွက် အန်ဒီရုဇ်က ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ပြန်လည်ဆွတ်ခူးရန် ကာဘာယယ်ကို စိန်ခေါ်ခြင်းဖြစ်သည်။

အန်ဒီရုဇ်က "တစ်ချိန်က ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးတဲ့ ခါးပတ်ကို ပြန်လိုချင်ပါတယ်။ လစ်လပ်နေတဲ့ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ယာယီ ချန်ပီယံဖြစ်တဲ့ ကာဘာယယ်နဲ့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ ကာဘာယယ်ကလဲ ယာယီချန်ပီယံ အဖြစ်ကနေ လက်ရှိချန်ပီယံ တစ်ယောက် ဖြစ်လိုတဲ့အတွက် ကျွန်တော့်ရဲ့စိန်ခေါ်မှုကို သဘောပေါက် လက်ခံပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : talkSPORT

Trs : AZL

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် သစ္စာအားမာန်အသင်းနှင့် ရှေ့ဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ် များကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ရှေ့ဝတီအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရန်ကုန် စီးတီးအသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၆၃ မိနစ်တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၄၈ မိနစ်တွင် ဇင်မာထွေး၊ ပွဲချိန် မိနစ် ၇၀ တွင် ဝေဖူးအိန်တို့က သွင်းယူခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ မြတ်နိုးခင်က ဆွတ်ခူးခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင် ဖွဲ့ကပင် ယူနိုက်တက်အသင်းနှင့် ရှေ့ဝတီအသင်းတို့ ကစားခဲ့ရာ ရှေ့ဝတီအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှေ့ဝတီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်၊ ၇၁ မိနစ်၊ ၇၆ မိနစ်တို့တွင် နန်းခိုင်ဇင်မြင့်၊ ပွဲချိန် ၂၄ မိနစ်တွင် စုစုခင်၊ ပွဲချိန် ၄၄ မိနစ်တွင် ဖွဲ့ကပင် ယူနိုက်တက်အသင်းမှ ဇင်မာထွန်းက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှေ့ဝတီအသင်းက အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှေ့ဝတီအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့် နန်းဇင်ခိုင်မြင့်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# အမေရိကန်နိုင်ငံ မန်ဒိုစီနိုကောင်တီတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား



**ဝါရှင်တန် ဇူလိုင် ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မန်ဒိုစီနိုကောင်တီတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း အမေရိကန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။ တောမီးသည် မန်ဒိုစီနိုကောင်တီ ကိုဗီလိုရေီယာတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ တောမီးသည် ဇူလိုင် ၇ ရက်တွင် စတင်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အပူချိန်မြင့်မားမှုနှင့် လေတိုက်နှုန်းများကြောင့် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကယ်လီဖိုးနီးယားပြည်နယ် မန်ဒိုစီနိုကောင်တီ ကိုဗီလိုရေီယာ အနီးမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် ကိုဗီလိုရေီယာမှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးထားပါတယ်။ သတိပေးချက် လက်ခံရရှိတာနဲ့နေရပ်ကို ချက်ချင်းစွန့်ခွာရွှေ့ပြောင်းဖို့လိုပါတယ်" ဟု အမေရိကန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ခရိုမာက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပြင်သစ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုက စပျစ်စိုက်ခင်းများ၏ အထွက်နှုန်းလျော့ကျလာ

**ပဲရစ် ဇူလိုင် ၈**

ပြင်သစ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုက စပျစ်စိုက်ခင်းများ၏ စပျစ်သီးအထွက်နှုန်းလျော့ကျလာစေကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံ ရှန်ပိန်၊ ဘော်ဒိုးနှင့် ဘာဂန်ဒီဒေသများတွင် ဝိုင်အဓိကစိုက်ပျိုးကြောင်း၊ အပူချိန်မြင့်တက်မှုက ကမ္ဘာ့ဒုတိယအကြီးဆုံး ဝိုင်ထုတ်လုပ်သည့်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံ၏ ဝိုင်လုပ်ငန်းများအပေါ် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း၊ သို့သော်လည်း သိုလှောင်ထားသော ဝိုင်လက်ကျန်များ ရှိနေသဖြင့် ထုတ်လုပ်မှုပမာဏအပေါ် ကြီးမားသော သက်ရောက်မှု မရှိနိုင်ကြောင်း၊ အပူချိန်မြင့်တက်ခြင်းက စပျစ်သီးအတွင်း သကြားဓာတ်ကို ပိုမိုများပြားလာစေသည့်အခါ ဝိုင်၏အရသာအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ရှန်ပိန်ဒေသ ဝိုင်စိုက်ပျိုးသူများသမဂ္ဂဥက္ကဋ္ဌ မက်ဇင်တူဘားက ပြောကြားခဲ့ကြောင်း သိရသည်။

မိုးလေဝသ ခန့်မှန်းချက်များအရ ဇူလိုင် ၁၄ ရက်ထိ ပြင်သစ်နိုင်ငံ၏ အဓိကဝိုင်စိုက်ပျိုးသည့် ဒေသများတွင် မိုးရွာသွန်းမှု ဆက်လက် နည်းပါးနေမည်ဖြစ်ပြီး ဒေသအများအပြား၌ မိုးခေါင်သည့်အခြေအနေ ဆက်လက် ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်စုပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးသူ ၂၁ ဦးထိရှိလာ

**ပေကျင်း ဇူလိုင် ၈**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်စုပြည်နယ်တွင် ဖြစ်ပွားခဲ့သော မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးသူဦးရေမှာ ၂၁ ဦးထိရှိလာကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမြေပြိုကျမှုမှာ ဇူလိုင် ၇ ရက် နံနက်အစောပိုင်းက ဂန်စုပြည်နယ် တန်ချန်ကောင်တီရှိ တောင်တန်း ချိုင့်ဝှမ်းဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ ၃၃ ဦး ပိတ်မိခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်ခဲ့သော်လည်း လူ ၁၂ ဦးကိုသာ အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ပြီး ယနေ့တွင် သေဆုံးသူ ၂၁ ဦးထိရှိလာကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

မြေပြိုကျမှုတွင် ပိတ်မိသူအများစုမှာ သစ်တောခြံတစ်ခုတွင် ယာယီ အလုပ်သမားများအဖြစ် လုပ်ကိုင်နေသည့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများ ဖြစ်ကြောင်း သိရသည်။

ဂန်စုပြည်နယ် တန်ချန်ကောင်တီရှိ တောင်တန်းချိုင့်ဝှမ်းဒေသသည် မိုးရာသီကာလအတွင်း ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် တောင်ကျရေစီးဆင်းမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့် တောင်တန်းဒေသဖြစ်ပြီး လက်ရှိအချိန်ထိလည်း ဘူမိဗေဒဆိုင်ရာ အခြေအနေများလည်း မတည်မငြိမ် ဖြစ်နေသေးကြောင်း သိရသည်။





တရုတ်နိုင်ငံအစိုးရက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေ ယွမ်သန်း ၃၀ ခွဲဝေပေးထားပြီး အမျိုးသားအဆင့် ကယ်ဆယ်ရေး အဖွဲ့များကိုလည်း အခင်းဖြစ်ပွားရာဒေသသို့ စေလွှတ်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# မြောက်ကိုရီးယားနိုင်ငံတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်

**ပြုံယမ်း ဇူလိုင် ၈**

မြောက်ကိုရီးယားနိုင်ငံတွင် မိုးရာသီကာလရောက်ရှိလာပြီဖြစ်သည့်အတွက်ကြောင့် ရေကြီးရေလျှံမှု ကာကွယ်ရေးအစီအစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ကာကွယ်ရေးအတားအဆီးများ တည်ဆောက်ရာတွင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ဦးစီး၍ ဆောင်ရွက်နေသကဲ့သို့ ဒေသခံများလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးရာသီကာလရောက်တိုင်း အမ်နော့မြစ်ရေလျှံတက်မှု ဖြစ်ပေါ်လေ့ရှိသကဲ့သို့ အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ရလေ့ရှိသည့်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် အတားအဆီးများ စတင်တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၄ ခုနှစ် မိုးရာသီကာလတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် ရေကြီးရေလျှံမှု မဖြစ်ခဲ့ကြောင်း သိရသည်။

"မိုးရာသီကာလရောက်တိုင်း အမ်နော့မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လေ့ရှိပါတယ်။ နောက်ဆုံးရေကြီးရေလျှံမှုဖြစ်ခဲ့တာကတော့ ၂၀၂၄ ခုနှစ်က ဖြစ်ပါတယ်။ တော်တော်လေးကို အပျက်အစီးများခဲ့ပါတယ်။ မနှစ်ကတော့မဖြစ်ခဲ့ပါဘူး။ မနှစ်က မဖြစ်ခဲ့ဘူးဆိုပြီးတော့ ပေါ့ဆနေလို့မရတဲ့အတွက်ကြောင့် ဒီနှစ်အတွက် ရေကြီးရေလျှံမှု ကာကွယ်ရေးအတားအဆီးတွေကို စတင်တည်ဆောက် နေပြီဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကို ကာကွယ်တဲ့နေရာမှာ ပေါ့ဆမှုက အကြီးမားဆုံး ရန်သူပါပဲ။ ၂၀၂၄ ခုနှစ်တုန်းကလို ထပ်မဖြစ်ဖို့အတွက် ခေါင်းဆောင်က တင်းတင်းကျပ်ကျပ် သတိပေးထားပါတယ်" ဟု မြောက်ကိုရီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဆွီဒင်နိုင်ငံ ဂိုတာလန်းအနောက်မြောက်ဘက်ပိုင်း နေရာအမြောက်အမြားတွင် တောမီးလောင်ကျွမ်းနေ

**စတော့ဟုမ်း ဇူလိုင် ၈**

ဆွီဒင်နိုင်ငံ ဂိုတာလန်းအနောက်မြောက်ဘက်ပိုင်းနေရာအမြောက်အမြားတွင် တောမီးလောင်ကျွမ်းနေပြီး နေရာတချို့တွင် လောင်ကျွမ်းနေသည့်တောမီးမှာ ထိန်းချုပ်ရခက်နေကြောင်း ဆွီဒင်မိုးလေဝသနှင့် ဇလဗေဒအင်စတီကျု(SMHI) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် မြက်ခင်းပြင်နှင့် သစ်တောကြိုးဝိုင်းတို့တွင် လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း၊ မြက်ခင်းပြင်လောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း သစ်တောကြိုးဝိုင်းတွင် လောင်ကျွမ်းနေသည့်တောမီးကို ထိန်းချုပ်နိုင်ရေးမှာ ခက်ခဲနေကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားကြောင်းလည်း သိရသည်။

"ဂိုတာလန်းအနောက်မြောက်ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ မြက်ခင်းပြင်နေရာတချို့နဲ့ သစ်တောကြိုးဝိုင်းတွေမှာ လောင်ကျွမ်းနေတာဖြစ်ပါတယ်။ မြက်ခင်းပြင် တောမီးကိုတော့ စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းတောမီးလောင်ကျွမ်းတာ တွေကိုတော့ ထိန်းချုပ်နိုင်ခြင်း မရှိသေးပါဘူး။ လေကြောင်းအကူအညီ ရယူထားပါတယ်။ ရဟတ်ယာဉ်နှစ်စင်းနဲ့ တောမီးကို ငြိမ်းသတ်ပေးနေပါတယ်။ လူနေအိမ်ခြေတွေနဲ့ အခြေခံ အဆောက်အအုံတွေဆီကိုတော့ ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေမျိုးမှာမရှိပါဘူး" ဟု ဆွီဒင်မိုးလေဝသနှင့် ဇလဗေဒအင်စတီကျု (SMHI) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကျန်းမာသော အိုမင်းခြင်း (Healthy Aging)

မန္တလာဆရာမျိုး

လူ့ဘဝတွင် အချိန်တန်၍ အသက်အရွယ်ကြီးလာခြင်းကို လူတိုင်း ရှောင်လွှဲ၍မရနိုင်သော်လည်း အသက်အရွယ်ကြီးလာချိန်တွင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းထဲတွင် အဓိပ္ပာယ်ရှိစွာ နေထိုင်နိုင်ခြင်းကို ကျန်းမာသော အိုမင်းခြင်း (Healthy Aging) ဟုခေါ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ Healthy Aging ဆိုသည်မှာ အသက်ကြီးလာချိန်တွင် ကောင်းမွန်သောဘဝနေထိုင်မှုကိုရရှိစေရန်အတွက် လိုအပ်သောကိုယ်ခန္ဓာ၊ စိတ်နှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းများကို ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းဖြစ်သည်။ အသက်ကြီးချိန်တွင် ရောဂါမရှိခြင်းတစ်ခုတည်းမဟုတ်ဘဲ ကိုယ်တိုင်လှုပ်ရှားနိုင်ခြင်း၊ ဆုံးဖြတ်နိုင်ခြင်း၊ မိသားစုနှင့် ဆက်ဆံနိုင်ခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် ပါဝင်နိုင်ခြင်းတို့ဖြစ်သည်။

အိုမင်းခြင်းသည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး အသက်ကြီးလာသည်နှင့်အမျှ အမြင်အာရုံ၊ အကြားအာရုံ၊ ကြွက်သားအင်အား၊ အရိုးသန်မာမှု၊ မှတ်ဉာဏ်၊ အိပ်စက်မှုပုံစံတို့တွင် အပြောင်းအလဲများဖြစ်လာတတ်သည်။ သို့သော် ထိုအပြောင်းအလဲများအားလုံးသည် မဖြစ်မနေမသန်စွမ်းမှုသို့ ရောက်ရှိရမည် မဟုတ်ပါ။ ကျန်းမာသောအိုမင်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ အသက်ရှည်ရုံသာမက သက်ကြီးပိုင်းတွင်လည်း လွတ်လပ်စွာ နေထိုင်နိုင်ခြင်း၊ မိမိကိုယ်ကို စောင့်ရှောက်နိုင်ခြင်း၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ကြိုးစားခြင်း၊ စိတ်ပျော်ရွှင်မှုရှိခြင်း၊ လူမှုဆက်ဆံရေး မပြတ်တောက်စေခြင်းဖြစ်သည်။

ယနေ့ခေတ်တွင် ဆေးပညာတိုးတက်လာခြင်း၊ ကာကွယ်ဆေးများ၊ သန့်ရှင်းရေး၊ အစားအသောက်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်လာခြင်းကြောင့် အသက်ရှည်သူပိုများလာသည်။ သို့သော် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အရိုးပွရောဂါ၊ မှတ်ဉာဏ်လျော့နည်းခြင်း၊ စိတ်ဓာတ်ကျခြင်း စသောရောဂါများလည်း ပိုမိုတွေ့ရသည်။ ကျန်းမာသောအိုမင်းခြင်းသည် အသက် ၆၀ ကျော်သူများအတွက်သာမဟုတ်ဘဲ အသက် ၃၀၊ ၄၀၊ ၅၀ အရွယ်မှ စတင်ပြင်ဆင်သင့်သည်။

### ကိုယ်လက်လှုပ်ရှားမှု၏ အရေးပါမှု

အသက်ကြီးလာသောအခါ ကြွက်သားအားလျော့နည်းလာပြီး လမ်းလျှောက်ရာတွင် မတည်ငြိမ်ခြင်း၊ ခြေချော်လဲခြင်း၊ အရိုးကျိုးခြင်းတို့ဖြစ်နိုင်သည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားမှုသည် ကျန်းမာသော အိုမင်းခြင်း၏ အရေးကြီးဆုံးအခြေခံဖြစ်သည်။ အသက်ကြီးသူများအတွက် သင့်တော်သောလှုပ်ရှားမှုများမှာ လမ်းလျှောက်ခြင်း၊ ပေါ့ပေါ့ပါးပါးအိမ်မှုကိစ္စလုပ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ ယောဂ၊ အကြောဆန့်လေ့ကျင့်ခန်း၊ ခြေထောက်နှင့် လက်မောင်းကြွက်သားများ သန်မာစေသော လေ့ကျင့်ခန်းများဖြစ်သည်။

WHO ၏ အကြံပြုချက်အရ အသက် ၆၅ နှစ်နှင့် အထက် လူကြီးများသည် တစ်ပတ်လျှင် အလယ်အလတ်ပြင်းထန်မှုရှိသော ကိုယ်လက်လှုပ်ရှားမှု အနည်းဆုံး မိနစ် ၁၅၀ ခန့် ပြုလုပ်သင့်ပြီး ကြွက်သားသန်မာစေသော လေ့ကျင့်ခန်းများကိုလည်း တစ်ပတ်လျှင် အနည်းဆုံးနှစ်ရက်ပြုလုပ်သင့်သည်။

အရေးကြီးသည်မှာ အားကစားပြင်းပြင်းထန်ထန်လုပ်ရန်မလိုဘဲ နေ့စဉ်နည်းနည်းချင်းလှုပ်ရှားခြင်းဖြစ်သည်။ အချိန်ကြာကြာ ထိုင်နေခြင်းကို လျှော့ချပြီး မိနစ် ၃၀ လျှင် တစ်ခါ မတ်တတ်ရပ်ခြင်း၊ အိမ်ထဲတွင် လမ်းလျှောက်ခြင်းပြုလုပ်လျှင်ပင် များစွာအကျိုးရှိသည်။

### အာဟာရပြည့်ဝသော အစားအသောက်

အသက်ကြီးလာသည်နှင့်အမျှ အစာစားချင်စိတ်လျော့နည်းခြင်း၊ သွားနှင့်သွားဖုံးပြဿနာများ၊ အစာခြေစနစ်ပြောင်းလဲခြင်းတို့ကြောင့် အာဟာရမပြည့်ဝခြင်းဖြစ်နိုင်သည်။ အချို့လူကြီးများတွင် ကိုယ်အလေးချိန်လျော့ခြင်း၊ ကြွက်သားလျော့ခြင်း၊ သွေးအားနည်းခြင်း၊ ကိုယ်ခံအားနည်းခြင်းတို့ ဖြစ်တတ်သည်။

ကျန်းမာသော အိုမင်းခြင်းအတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်ဥ၊ အဆီနည်းသောအသား၊ နို့နှင့် နို့ထွက်ပစ္စည်း၊



အမျှင်ဓာတ်ပါသော အစားအစာများကို စားသုံးသင့်သည်။ ဆား၊ အချို၊ အဆီ၊ ကြော်လှော်စာများ အလွန်အကျွံစားသုံးခြင်းကို လျှော့ချသင့်သည်။

သွေးတိုးရှိသူများတွင် ဆားလျှော့စားခြင်း၊ ဆီးချိုရှိသူများတွင် အချိုနှင့် Refined Carbohy-drate များကိုထိန်းခြင်း၊ ကျောက်ကပ်ရောဂါရှိသူများတွင် ဆရာဝန်ညွှန်ကြားချက်အတိုင်း အသားဓာတ်၊ ဆား၊ ပိုတက်စီယမ် စသည်တို့ကို ထိန်းချုပ်စားသုံးရန် လိုအပ်သည်။

### စိတ်ကျန်းမာရေးနှင့် ပျော်ရွှင်မှု

ကျန်းမာသော အိုမင်းခြင်းတွင် စိတ်ကျန်းမာရေးသည် ကိုယ်ခန္ဓာကျန်းမာရေးနှင့် ထပ်တူအရေးကြီးသည်။ အသက်ကြီးလာသောအခါ အလုပ်မှအနားယူခြင်း၊ မိတ်ဆွေများ လျော့နည်းလာခြင်း၊ သားသမီးများနှင့်ခွဲနေခြင်း၊ ချစ်ခင်ရသူများ ဆုံးရှုံးခြင်း၊ ကိုယ်ခန္ဓာအားနည်းလာခြင်းတို့ကြောင့် စိတ်ဓာတ်ကျခြင်း၊ အထီးကျန်ခြင်းဖြစ်နိုင်သည်။

ထို့ကြောင့် မိသားစုနှင့် ဆက်သွယ်နေခြင်း၊ မိတ်ဆွေများနှင့် တွေ့ဆုံခြင်း၊ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ စာဖတ်ခြင်း၊ သီချင်းနားထောင်ခြင်း၊ ဥယျာဉ်စိုက်ခြင်း၊ ဝါသနာပါရာ လုပ်ဆောင်ခြင်းတို့သည် စိတ်ကျန်းမာရေးအတွက် အထောက်အကူပြုသည်။

### မှတ်ဉာဏ်နှင့် ဦးနှောက်ကျန်းမာရေး

အသက်ကြီးလာသည်နှင့်အမျှ အမည်မေ့ခြင်း၊ ပစ္စည်းထားရာနေရာများမေ့ခြင်း၊ အချိန်မေ့ခြင်းမျိုးဖြစ်နိုင်သည်။ သို့သော် နေ့စဉ်ဘဝကို ထိခိုက်လောက်အောင် မှတ်ဉာဏ်လျော့နည်းလာပါက Dementia စသောဦးနှောက်ဆိုင်ရာ ပြဿနာများကို သတိထားရန် လိုအပ်သည်။ ဦးနှောက်ကျန်းမာရေးအတွက် စာဖတ်ခြင်း၊ စကားဝိုင်းများတွင် ပါဝင်ခြင်း၊ အသစ်သင်ယူခြင်း၊ စာရေးခြင်း၊ သီချင်းလေ့လာခြင်း၊ လက်မှုလုပ်ငန်းများလုပ်ခြင်းတို့က များစွာအကျိုးရှိသည်။ ထို့ပြင် သွေးတိုး၊ ဆီးချို၊ ကိုလက်စထရော၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းတို့ကို ထိန်းချုပ်ခြင်းဖြင့် ဦးနှောက်သွေးကြောကျန်းမာရေးကို ကာကွယ်နိုင်သည်။

### အိပ်စက်ခြင်း

အသက်ကြီးသူများတွင် အိပ်ချိန်နည်းလာခြင်း၊ ညဘက် မကြာခဏနိုးခြင်း၊ မနက်စောစော နိုးခြင်းများဖြစ်တတ်သည်။ အိပ်စက်မှုမလုံလောက်ပါက မှတ်ဉာဏ်၊ စိတ်ခံစားချက်၊ ကိုယ်ခံအား၊ သွေးပေါင်ချိန်နှင့် ဆီးချိုထိန်းချုပ်မှုတို့ကို ထိခိုက်နိုင်သည်။

အိပ်စက်မှုကောင်းစေရန် နေ့တိုင်း တူညီသော အချိန်တွင် အိပ်ခြင်း၊ အိပ်ရာထခြင်း၊ ညဘက် ကော်ဖီနှင့် လက်ဖက်ရည် လျှော့သောက်ခြင်း၊ ဖုန်းနှင့် တီဗီ အသုံးပြုချိန်လျှော့ခြင်း၊ နေ့ဘက်တွင် ကြာကြာ မအိပ်ခြင်း၊ ပေါ့ပေါ့ပါးပါး လှုပ်ရှားခြင်းတို့ကို ပြုလုပ်သင့်သည်။

### ခြေချော်လဲခြင်းနှင့် အရိုးကျိုးခြင်းကာကွယ်ရေး

အသက်ကြီးသူများတွင် ခြေချော်လဲပါက တင်ပါးဆုံအရိုးကျိုးခြင်း၊ လက်ကောက်ဝတ်အရိုးကျိုးခြင်း၊ ဦးခေါင်းထိခိုက်ခြင်းများဖြစ်နိုင်ပြီး ထိုမှတစ်ဆင့် အိပ်ရာထဲတွင် ကြာရှည်နေရခြင်း၊ လွတ်လပ်စွာ လှုပ်ရှားနိုင်မှုလျော့နည်းခြင်းတို့ ဖြစ်နိုင်သည်။ ခြေချော်လဲခြင်းကိုကာကွယ်ရန် အိမ်အတွင်း လမ်းကြောင်းရှင်းထားခြင်း၊ ကြမ်းပြင်တွင် ရေမကျန်စေခြင်း၊ ခြေချော်လွယ်သောဖိနပ်မစီးခြင်း၊ ရေချိုးခန်းတွင် လက်ကိုင်တန်းတပ်ခြင်း၊ အလင်းရောင်လုံလောက်စေခြင်း၊ မျက်မှန်နှင့် အကြားကိရိယာ လိုအပ်ပါက အသုံးပြုခြင်း၊ ဆေးဝါးများကြောင့် မူးဝေခြင်းရှိ၊ မရှိဆရာဝန်နှင့်ပြန်လည်စစ်ဆေးခြင်းတို့ လိုအပ်သည်။

### ရောဂါများကို စောစီးစွာစစ်ဆေးခြင်း

ကျန်းမာသောအိုမင်းခြင်းတွင် ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်ခင်ကာကွယ်ခြင်းက ပိုအရေးကြီးသည်။ အသက်ကြီးသူများအတွက် စစ်ဆေးသင့်သောအချက်များမှာ သွေးပေါင်ချိန်၊ သွေးချိုဓာတ်၊ သွေးအဆီဓာတ်၊ ကိုယ်အလေးချိန်၊ ကျောက်ကပ်လုပ်ဆောင်ချက်၊ အသည်းလုပ်ဆောင်ချက်၊ မျက်စိ၊ သွားနှင့် သွားဖုံး၊ အကြားအာရုံ၊ အရိုးပွခြင်း၊ ကင်ဆာစစ်ဆေးခြင်းများဖြစ်သည်။

အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း၊ အမျိုးသားများတွင် ဆီးကျိတ်ပြဿနာများ စစ်ဆေးခြင်းတို့ကို အသက်အရွယ်၊ မိသားစုရာဇဝင်နှင့် ဆရာဝန်အကြံပြုချက်အတိုင်း ပြုလုပ်သင့်သည်။

ဆေးများကိုလည်း ပုံမှန်ပြန်လည် စစ်ဆေးကြည့်သင့်သည်။ လူကြီးများသည် ဆေးများစွာသောက်နေရတတ်သောကြောင့် ဆေးတစ်မျိုးနှင့်တစ်မျိုး မတည့်မှု၊ မူးဝေခြင်း၊ အစာအိမ်ထိခိုက်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်းတို့ကို သတိထားရန် လိုအပ်သည်။

### ကာကွယ်ဆေးများ၏ အရေးပါမှု

အသက်ကြီးသူများတွင် ကိုယ်ခံအား လျော့နည်းလာသောကြောင့် အချို့ရောဂါများ ဖြစ်လွယ်ပြီး ပြင်းထန်နိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာရောဂါကာကွယ်ဆေးများကို အသက်အရွယ်၊ ရောဂါအခြေအနေ၊ နိုင်ငံအလိုက် ညွှန်ကြားချက်များနှင့် ဆရာဝန်အကြံပြုချက်အတိုင်း ထိုးနှံသင့်သည်။

ကာကွယ်ဆေးသည် ကလေးများအတွက်သာမက လူကြီးများတွင်လည်း ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရမှုနှင့် အသက်ဆုံးရှုံးမှုကို လျှော့ချနိုင်သောအရေးကြီးသည့် ကာကွယ်ရေးနည်းလမ်းဖြစ်သည်။

### လူမှုဆက်ဆံရေးနှင့် မိသားစု၏ အခန်းကဏ္ဍ

ကျန်းမာသော အိုမင်းခြင်းရရှိရန်အတွက် မိသားစု၊ ရပ်ရွာနှင့် လူမှုအသိုင်းအဝိုင်း၏ ပံ့ပိုးမှုလည်း လိုအပ်သည်။ လူကြီးများကို အသက်ကြီးပြီဟု ဘေးဖယ်ထားခြင်းမပြုသင့်ပါ။ သူတို့၏ အတွေ့အကြုံ၊ အသိပညာ၊ မိသားစုအပေါ် ချစ်ခြင်းမေတ္တာနှင့် လူမှုအသိုင်းအဝိုင်းအတွက် ပါဝင်နိုင်မှုများကို တန်ဖိုးထားသင့်သည်။ မိသားစုဝင်များအနေဖြင့် လူကြီးများနှင့် စကားပြောပေးခြင်း၊ ဆေးသောက်ချိန် စောင့်ကြည့်ပေးခြင်း၊ ဆရာဝန်ပြရန် ကူညီပေးခြင်း၊ အိမ်အတွင်း လုံခြုံမှုရှိစေရန်စီစဉ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးခြင်းတို့ ပြုလုပ်ပေးနိုင်သည်။

### အိုမင်းခြင်းအတွက် ပြင်ဆင်စရာ

လူအများသည် အသက်ကြီးလာချိန်တွင် အားနည်းလာခြင်း၊ ရောဂါများလာခြင်း၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာခြင်းဟု တွေးတတ်ကြသည်။ အမှန်တကယ်တွင် အသက်ကြီးလာခြင်းသည် ဘဝ၏သဘာဝတစ်ခုသာဖြစ်သည်။ အရေးကြီးသည်မှာ ထိုအရွယ်သို့ ရောက်ရှိသောအခါ မိမိ၏ ကိုယ်ခန္ဓာ၊ စိတ်ဓာတ်၊ လူမှုဆက်ဆံရေးနှင့် ဘဝအဓိပ္ပာယ်များကို မပျောက်စေဘဲ နေထိုင်နိုင်ရန်သာဖြစ်သည်။ ကျန်းမာသောအိုမင်းခြင်းသည် မိမိကိုယ်တိုင်၏ နေထိုင်မှုပုံစံ၊ မိသားစု၏ပံ့ပိုးမှု၊ ရပ်ရွာ၏ နားလည်မှုနှင့် ကျန်းမာရေးစနစ်၏ ကူညီပံ့ပိုးမှုများ ပေါင်းစပ်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

### ဘဝရင်းနှီးမြှုပ်နှံမှု

ကျန်းမာသောအိုမင်းခြင်းသည် အသက်အရွယ်ကြီးလာသော်လည်း မိမိဘဝကို အဓိပ္ပာယ်ရှိရှိ ဆက်လက်နေထိုင်နိုင်ခြင်းဖြစ်သည်။ ရောဂါမရှိခြင်း၊ လှုပ်ရှားနိုင်ခြင်း၊ စိတ်ချမ်းသာမှုရှိခြင်း၊ မိသားစုနှင့် ပျော်ရွှင်စွာဆက်ဆံနေထိုင်နိုင်ခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် ပါဝင်နိုင်ခြင်း၊ ကိုယ်တိုင် ဆုံးဖြတ်နိုင်ခြင်းတို့ပါဝင်သည်။

ယနေ့မှစ၍ လမ်းလျှောက်ခြင်း၊ အစားအသောက်ထိန်းခြင်း၊ အိပ်စက်မှုကောင်းအောင်နေခြင်း၊ စိတ်ကျန်းမာရေးဂရုစိုက်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ မိသားစုနှင့် ဆက်သွယ်နေခြင်းတို့ကို ပြုလုပ်ပါက မိမိတို့၏အသက်ကြီးဘဝသည် ပိုမိုကျန်းမာ၊ လွတ်လပ်ပြီး ပိုမိုပျော်ရွှင်နိုင်မည်ဖြစ်သည်။ ကျန်းမာသော အိုမင်းခြင်းသည် အသက်ကြီးသူများသာမက လူငယ်၊ လူလတ်၊ လူကြီးတိုင်း ယနေ့မှစ၍ ပြင်ဆင်သင့်သော ဘဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ဇူလိုင် ၁၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် မယားပြိုင် ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်




**ရန်ကုန် ဇူလိုင် ၈**

ဇူလိုင် ၁၀ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မယားပြိုင် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မယားပြိုင်ရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မီးမီးနှင့် ဝိုင်းက ရေးသားထားပြီး ဒါရိုက်တာ ဝိုင်းက လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားကို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ရိုက်ချင်ခဲ့တာ ကြာပါပြီ။ ဒီဇာတ်လမ်းကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကတည်းက မီးမီးနဲ့အတူ ရေးထားတာပါ။ ပရိသတ် အကြိုက်တွေ့စေမဲ့ ဒရာမာ ဇာတ်လမ်းလေးပါ"ဟု ဒါရိုက်တာ ဝိုင်းက ပြောပြသည်။

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မယားပြိုင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်းရွှန်း၊ ဇော်ဦး၊ မင်းသစ်၊ ကျော်ဇင်ထွန်း၊ ကောင်းကျော်၊ မိုးဟေကို၊ မေမီကိုကို၊ ခင်စိုးပိုင်၊ ဘုန်းပြည့်ပြည့်ခိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# အနုပညာရှင်၊ စေတနာရှင်များက ရုပ်ရှင်အနုပညာရှင် လုံမင်းသား စံတင်ကို အလှူငွေများပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

အနုပညာရှင်၊ စေတနာရှင်များက ရုပ်ရှင်အနုပညာရှင်လုံမင်းသား စံတင်အား အလှူငွေများပေးအပ်ပွဲကို ဇူလိုင် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Chinese 47 စားသောက်ဆိုင်၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခေးဖိုးခက်အမည်ရှိ လုံမင်းသား စံတင်၏ ဘဝဇာတ်ကြောင်း စာအုပ်တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့်ရောင်းချခဲ့ကာ စာအုပ်ရောင်းရငွေအားလုံးနှင့် အနုပညာရှင်၊ စေတနာရှင်များ၏ အလှူငွေကျပ် သိန်း ၃၀ ကို လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် ဒေါက်တာ အယ်နီဝင်းက လုံမင်းသား စံတင်အတွက် တွံတေးမြို့ရှိ ခြံကွက်နှင့် အိမ်ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။



"အဓိကကတော့ အသက် ၈၉ နှစ်ရှိပြီးတော့ ကျန်းမာရေး မကောင်း၊ စိတ်ဓာတ်ကျ၊ အိပ်ရာထဲလဲနေတဲ့ (ဦး)စံတင်ကြီးကို အပြင်လောကကို ခေါ်ထုတ်ပြီး နွေးထွေးစွာအားပေးကြ၊ စိတ်ခွန်အားပေးကြတဲ့ပွဲပါ။ ဒီစာအုပ်အတွက် ကျွန်တော့်အနေနဲ့ သုံးနှစ်လောက်အချိန်ယူပြီးမှ ဒီစာအုပ်ဖြစ်လာခဲ့တာပါ။ ဒီစာအုပ်ရောင်းချရငွေ အကုန်လုံး ပြန်လှူတာပါ"ဟု စာရေးဆရာ အောင်သျှန်ဝိုင်း(ကျိုက်မရော)က ပြောပြသည်။

အဆိုပါ အခမ်းအနားသို့ သရုပ်ဆောင် သူထူးစံ၊ နေထူးနိုင်၊ ချစ်တိုး၊ ထူးသာ၊ ညီဂျော်၊ ဒါရိုက်တာ ပီတာ၊ စာရေးဆရာ အောင်သျှန်ဝိုင်း (ကျိုက်မရော)၊ စာရေးဆရာ ဦးဟိန်းလတ်၊ Channel 24 Channel၊ Lucky Seven ထုတ်လုပ်ရေးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ASH

# မိရိုးဖလာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၈**

Laurel ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မိရိုးဖလာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇူလိုင် ၇ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိရိုးဖလာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာသီတာလင်းက ရေးသားထားပြီး ဒါရိုက်တာ သီတာလင်းကပင် Laurel ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"မိရိုးဖလာဇာတ်ကားအတွက် အစ်မ အများကြီးပေးဆပ်ခဲ့ရတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက အများကြီး ကြိုးစားပြီး လုပ်ဆောင်ခဲ့ရတယ်။ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတွေ အများကြီး တည်ရှိနေတဲ့ တောင်ပြုန်းပွဲစဉ် တစ်ခုလုံးကို လေးနှစ်တိုင်အောင် ရိုက်ကူးခဲ့ရတဲ့ ရုပ်ရှင်ဇာတ်ကားလို့ ပြောလို့ရပါတယ်။ ငိုခဲ့ရတာတွေလဲ အများကြီးပဲ။ အခုကတော့ ရုံတင်ခွင့်ရလို့ ဝမ်းသာမျက်ရည်ကျမိတာပါ။ အခုလို ကြိုးစားမှုလေးအရာထင်ပြီး ရုပ်ရှင်ရုံပေါ် ရောက်လာတဲ့အတွက် တအားဝမ်းသာပါတယ်။ အစ်မရဲ့ဇာတ်ကားက ပရိသတ်တွေရဲ့ မေတ္တာကို အများကြီး လိုအပ်ပါတယ်"ဟု ဒါရိုက်တာ သီတာလင်းက ပြောပြသည်။

မိရိုးဖလာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေထွဋ်၊ ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ထက်နေချမ်း၊ ဝေယံမင်း၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ငြိမ်းဖြူ၊ စောယုမျိုးမျိုးခိုင်၊ ဝင်းမင်းသန်းနှင့် Laurel Art Academy မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# Armani : The King of Fashion ကို ဒါရိုက်တာ ဘီလီဩဂတ်က တာဝန်ယူရိုက်ကူးမည်

**ရောမ ဇူလိုင် ၈**

Armani : The King of Fashion အမည်ရှိ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ ဘီလီဩဂတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် အီတလီလူမျိုး ကမ္ဘာကျော်ဖက်ရှင် ဒီဇိုင်းပညာရှင် ဂျော်ဂျီယိုအာမာနီ၏ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ဂျော်ဂျီယိုအာမာနီသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း အီတလီနိုင်ငံ မီလန်မြို့၌ အသက် ၉၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဒါရိုက်တာ ဘီလီဩဂတ်သည် Pelle the Conqueror ဇာတ်ကား၊ The Best Intentions ဇာတ်ကားတို့ဖြင့် ကန်းရုပ်ရှင်ပွဲတော်ရုပ်ရှင်ဆုများရရှိခဲ့ဖူးသူဖြစ်သည်။

လက်ရှိအချိန်တွင် Armani : The King of Fashion ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ကြေညာခြင်းမရှိသေးကြောင်း၊ ထို့ပြင် အဆိုပါ ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်နှင့် စတင်ရိုက်ကူးမည့် အချိန်တို့ကိုလည်း ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Obsession ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာသန်း ၄၀၀ ကျော်ရရှိ

**နယူးယောက် ဇူလိုင် ၈**

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Obsession ထိတ်လန့်သည်းဖိုဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရရှိခဲ့ကြောင်း ဇူလိုင် ၇ ရက် သတင်းများအရ သိရသည်။

Obsession ဇာတ်ကားသည် စတင်ရုံတင်ပြီး နှစ်လအကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ထိ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Focus Features ရုပ်ရှင်ကုမ္ပဏီသည် Obsession ဇာတ်ကားကို ယခုနှစ် မေ ၁၅ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

စတင်ရုံတင်ပြီး နှစ်လကြာချိန်တွင် Obsession ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄၅ သန်းကျော်နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၇ သန်းကျော် ရရှိခဲ့သည်။

Obsession ဇာတ်ကားကို ဒါရိုက်တာ ကာရီဘာ့ကာ ရိုက်ကူးခဲ့ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ သာ ရှိခဲ့သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အင်ဒီနာဗားရက်၊ မိုက်ကယ်လောလက်၊ မင်းသား မစ်ချဲဂွန်စတန်၊ ကူးပါးတွမ်လင်ဆန်နှင့် ကယ်ရီဘာ့ကာတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# One more six-storey building used in cybercrimes in Shwe Kokko area dismantled via controlled means 70 illegal residential buildings already destroyed

Before demolition.



Before the demolition of the illegal six-storey building used for online scam and illegal online gambling operations in Shwe Kokko area, Myawaddy District, Kayin State.



After the demolition of the illegal six-storey building used for online scam and illegal online gambling operations in Shwe Kokko area, Myawaddy District, Kayin State using explosives.



Preparations to demolish the illegal six-storey building used for online scam and illegal online gambling operations in Shwe Kokko area, Myawaddy District, Kayin State, with explosives.

**Nay Pyi Taw July 8**

In completely dismantling the illegal buildings in Shwe Kokko and KK Park in Myawady Township, Kayin State, where online scam and gambling businesses were based, joint task forces comprising multiple departments are systematically destroying the items used in conducting the criminal business. Today, one more six-storey building in Shwe Kokko area was systematically destroyed, using controlled explosives.

Buildings used in committing cybercrimes are being destroyed according to their category, and of the 77 buildings used in cybercrimes, 57 were slated for demolition through heavy machinery, and another 20, through controlled explosions. Today, a six-storey building of the 20 structures slated for demolition was destroyed via controlled techniques.

Joint task forces have destroyed a total of 70 buildings where cybercrimes were operated, using controlled measures to this date. They will continue to dismantle the remaining seven buildings.100

# Green chilli in good trading at domestic market in Nyaungdon Township

**Nyaungdon July 8**

Daw Zar Zar, the owner of green grocery trading in Nyaungdon Township of Ayeyawady Region, said that green chilli is in high demand at the domestic market in Nyaungdon Township.

Green chilli trading has been performing well in Nyaungdon Township since the third week of June this year up to the present, according to reports. The area is currently in the green chilli harvesting season, and green chillies are fetching up to K8,900 per viss.

"Green chilli trading is currently doing well. In this area, farmers are growing two types of green chillies. The chillies cultivated by local farmers have now started appearing in the market. As the green chilli season is underway and trading conditions are good, farmers are receiving better prices, while agricultural workers are also seeing improved employment opportunities.

This year, fewer farmers are growing chillies compared to last year, and demand from both the local market and the Yangon market has increased, resulting in better trade," said Daw Zar Zar.

Green chillies grown and produced by farmers in Nyaungdon Township are of good quality and free from pests and diseases. Due to the improved trade of locally produced green chillies, farmers and agricultural workers are experiencing better business conditions.

Kyaw Kyaw Lin



This photo shows green chillies.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Salingyi Township sees completion of growing more than 1,000 acres of pigeon pea this year



A thriving pigeon pea plantation.

**Salingyi July 8**

Based on agricultural data compiled by Salingyi Township Agriculture Department of Sagaing Region, local farmers have planted more than 1,000 acres of pigeon pea as monsoon crops in the township.

During the 2026-2027 monsoon crop season, local authorities of Salingyi Township earmarked to cultivate 30,805 acres of pigeon pea. Cultivation began in May this year, and 1,500 acres have been planted so far.

"This year's monsoon crop season, Salingyi Township has planned to cultivate more than 30,000 acres of pigeon pea. More than 1,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. We are also providing assistance to achieve good yields from pigeon pea cultivation. Farmers cultivate pigeon pea as a sole crop as well as a mixed crop," said U Wai Lin Tun, Head of the Township Agriculture Department in Salingyi Township.

The Township Agriculture Department in Salingyi Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields.

It is learnt that the Township Agriculture Department in Salingyi Township is also disseminating technologies on the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pests, and promote better plant growth. 206

# Cultivation of more than 3,000 acres of green gram completes in Ayadaw Township

**Ayadaw July 8**

According to the township Agriculture Department, local farmers planted more than 3,000 acres of green gram as monsoon crops in Ayadaw Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Ayadaw Township has planned to cultivate 12,380 acres of green gram. Cultivation began in May this year, and so far, farmers have planted 3,124 acres of crops.

"This year's monsoon crop season, Ayadaw Township has planned to cultivate more than 12,000 acres of green gram. More than 3,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. Regarding green gram cultivation, we are providing awareness activities to encourage expansion of cultivation and to promote the use of quality and pure seeds to achieve good yields," said U Kyaw Soe, Head of the Township Agriculture Department in Ayadaw Township.

It is learnt that the Township Agriculture Department in Ayadaw Township is providing green gram farmers with awareness on obtaining quality and pure seeds suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers, and achieving higher yields.

During this year's monsoon crop season, it is learnt that, in order to improve the yield and quality of various pulse crops, necessary quality and pure seeds, agricultural inputs, and post-harvest technology training are being provided in cooperation with farmers.

206

# Taze Township grows more than 1,000 acres of pigeon pea this monsoon

**Taze July 8**

Local farmers have planted more than 1,000 acres of pigeon pea in Taze Township of Sagaing Region, according to the township Agriculture Department.

During the 2026-2027 monsoon crop season, Taze Township has planned to cultivate 2,457 acres of pigeon pea. Cultivation began in May this year, and 1,859 acres have been planted so far, it is learnt.

"This year's monsoon crop season, Taze Township has planned to cultivate more than 2,000 acres of pigeon pea. More than 1,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. We are also providing assistance to achieve good yields from pigeon pea cultivation. Farmers cultivate pigeon pea as a sole crop as well as a mixed crop," said U Ohn Kyaw Myint, Head of the Township Agriculture Department in Taze Township.

The Township Agriculture Department in Taze Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields.

The Township Agriculture Department in Taze Township is disseminating technologies on the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pests, and promote better plant growth.

206

# U.S. Central Command forces begin launching powerful strikes against Iran

**Washington July 8**

U.S. forces launched strikes against Iran on Tuesday after three commercial ships transiting the Strait of Hormuz were attacked, the U.S. Central Command said.

U.S. forces "have begun launching a series of powerful strikes against Iran to impose heavy costs for targeting and attacking commercial shipping crewed by innocent civilians in an international waterway," the command said in a post on X.

"The U.S. strikes are in response to Iranian attacks on three commercial vessels that were transiting the Strait of Hormuz," said the command.

Explosions were heard near Iran's Qeshm Island and port cities of Bandar Abbas and Sirik, according to Iranian state outlet Press TV.

The United Kingdom Maritime Trade Operations on Tuesday reported three separate attacks involving tankers transiting the Strait of Hormuz, with no casualties reported.

Xinhua

# Huge crowds attend funeral procession of Iran's late leader in Tehran

**Tehran July 8**

Huge crowds from across Iran on Monday filled the streets of Tehran for the funeral procession of the country's late Supreme Leader Ali Khamenei, who was killed in a U.S.-Israeli strike in late February.

The procession, held following two days of farewell ceremonies at Imam Khomeini's Mosalla prayer hall in central Tehran, was also attended by a large number of Iranian officials, including President Masoud Pezeshkian, Judiciary Chief Gholamhossein Mohseni-Ejei, Chairman of the Assembly of Experts Ahmad Jannati, Chairman of the Expediency Discernment Council Sadeq Amoli Larijani and Secretary of the Supreme National Security Council Mohammad Baqer Zolqadr, as well as cabinet ministers.

Iran's former President Mahmoud Ahmadinejad also appeared at the ceremony, despite earlier reports that he had been killed in the U.S.-Israeli strikes, according to the semi-official Fars news agency.

The procession began at 6:00 a.m. local time (0230 GMT), and mourners accompanied the coffins of the late supreme leader and his family members, who were killed in the same attack, along a more than 10-km route starting from Damavand street in eastern Tehran to Azadi square and Lashgari highway west of the capital.

Xinhua



People attend the funeral procession of Iran's late Supreme Leader Ali Khamenei in Tehran, Iran, July 6, 2026.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီဂျစ်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ဆိုက်ဘာစစ်ဆင်ရေးများတွင် စာဝှက်စနစ်များဖြင့် အထူးဆိုက်ဘာတပ်ဖွဲ့များကို တပ်ဖြန့်အသုံးပြု



အီဂျစ်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့သည် နည်းပညာအခြေပြုစစ်ဆင်ရေးများတွင် ပိုမိုကျွမ်းကျင်လာစေရန်နှင့် စစ်ဘက်ဆိုင်ရာဆက်သွယ်ရေးကွန်ရက်များကို ကာကွယ်ရန်အတွက် ဆိုက်ဘာစစ်ဆင်ရေးများတွင် ပြည်တွင်း၌ တီထွင်ထားသော စာဝှက်စနစ်များဖြင့် အထူးဆိုက်ဘာတပ်ဖွဲ့များကို တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Ahram Online ၏ သတင်းဖော်ပြချက်အရ အီဂျစ်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၏ ကွပ်ကဲရေးမှူး Lt. Gen. Yasser Al-Toudi က ဒရုန်းများ၊ ပဲ့ထိန်းဒုံးကျည်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးများနှင့် ထောက်လှမ်းရေးလုပ်ငန်းများနည်းတူ ဆိုက်ဘာတိုက်ခိုက်မှုများသည် ခေတ်သစ်ပဋိပက္ခများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အီဂျစ်နိုင်ငံသည် ၎င်း၏လေကြောင်းရန် ကာကွယ်ရေးကွန်ရက်အတွင်းရှိ အချက်အလက်ဖလှယ်မှုများနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းစနစ်များကို လုံခြုံစေရန်အတွက် နိုင်ငံတော်အဆင့် စာဝှက်စနစ် (Encryption) အစီအစဉ်များကို ပေါင်းစပ်အသုံးပြုလျက်ရှိသည်။ ထို့ပြင် အီဂျစ်တပ်မတော်အနေဖြင့် တပ်ဖွဲ့ခွဲတိုင်းတွင် သီးသန့်ဆိုက်ဘာလုံခြုံရေး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်သည်။

အီဂျစ်နိုင်ငံ၏ ဆိုက်ဘာခြိမ်းခြောက်မှုများက အစိုးရနှင့်အရေးကြီးသည့် အခြေခံအဆောက်အအုံများကို ပိုမိုပစ်မှတ်ထားလာခြင်းကြောင့် ဆိုက်ဘာလုံခြုံရေးကြိုးပမ်းမှုများကို စစ်ဘက်ဆိုင်ရာ Encryption ထက် ကျော်လွန်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အီဂျစ်အစိုးရသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ အကျုံးဝင်မည့် နိုင်ငံတော်ဆိုက်ဘာလုံခြုံရေး မဟာဗျူဟာကို ရေးဆွဲခဲ့ပြီး ၎င်းတွင်အရေးကြီးသည့် အခြေခံအဆောက်အအုံများကို ကာကွယ်ရေးနှင့် အစိုးရဌာနဆိုင်ရာများ၏ ဆိုက်ဘာခံနိုင်ရည်အား မြှင့်တင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မတ်လအတွင်းက အီဂျစ်နှင့် ဥရောပသမဂ္ဂ (EU) တို့သည် ကိုင်ရိုမြို့၌ ပထမဆုံးအကြိမ် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဆိုက်ဘာလုံခြုံရေးသည် ဆွေးနွေးမှု၏ အဓိကအချက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ထို့ပြင် NATO အဖွဲ့နှင့် အီဂျစ်နိုင်ငံတို့သည်လည်း အနာဂတ်တွင် စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးကို ဦးစားပေးနယ်ပယ်အဖြစ် သတ်မှတ်ထားသည်။

အီဂျစ်နိုင်ငံ၏ ဤဆိုက်ဘာကာကွယ်ရေးမဟာဗျူဟာသည် ခေတ်သစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များတွင် Software-Defined Warfare ခေါ် ဆော့ဖ်ဝဲလ်အခြေပြု စစ်ဆင်ရေးစွမ်းရည်၏ အရေးပါမှုကို ထင်ဟပ်ဖော်ပြနေသည်။ လေကြောင်းရန် ကာကွယ်ရေးကွန်ရက်များတွင် ဒေတာလင့်ခ်များ၊ ရေဒါသတင်းအချက်အလက်များနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းစနစ်များ အပြန်အလှန် ချိတ်ဆက်လာသည်နှင့်အမျှ စနစ်တစ်ခုလုံး၏ အသက်သွေးကြောမှာ ဆက်သွယ်ရေးလုံခြုံမှုသာဖြစ်သည်။ အီဂျစ်၏ပြည်တွင်းထုတ်စာဝှက်စနစ် (Encryption) များကို သုံးစွဲခြင်းသည် နိုင်ငံခြားနည်းပညာအပေါ် မှီခိုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အချက်အလက်များ ဖောက်ထွင်းခံရနိုင်ခြေကို လျှော့ချပေးရုံသာမက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်ရေးတွင် အရေးကြီးသည့်ဆိုက်ဘာအချုပ်အခြာအာဏာကိုပါ တည်ဆောက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Egypt Turns to Domestic Encryption to Secure Air Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံ Urban-Air Port ကုမ္ပဏီက ကွန်တိန်နာအခြေစိုက် အလိုအလျောက် ဒရုန်းလွှတ်တင်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့



ဗြိတိန်နိုင်ငံအခြေစိုက် Urban-Air Port ကုမ္ပဏီသည် ခေတ်သစ်စစ်ပွဲများ၏ အဓိကစစ်ဆင်ရေး စိန်ခေါ်မှုတစ်ရပ်ဖြစ်သော မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို လျင်မြန်စွာလွှတ်တင်ခြင်း၊ ပြန်လည်သိမ်းဆည်းခြင်းနှင့် စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်ခြင်း စသည့်ပြဿနာကို ဖြေရှင်းရန် ကွန်တိန်နာအခြေစိုက် အလိုအလျောက် ဒရုန်းလွှတ်တင်ရေးစနစ် (Pandora CADDS) ကို ထုတ်ဖော်ပြသခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည် နယ်ပယ်စုံ စစ်ဆင်ရေးများတွင် မောင်းသူမဲ့လေယာဉ်များကို လွှတ်တင်ရန် ပြန်လည်သိမ်းဆည်းရန်နှင့် ထောက်ပံ့ကူညီရန်အတွက် ဒီဇိုင်းဆွဲထားသော ကွန်တိန်နာအခြေစိုက် ဒရုန်းလွှတ်တင်ရေးစနစ်တစ်ခုပင်ဖြစ်သည်။

ဤစနစ်တွင် ကွန်ပျူတာအမြင်အာရုံစနစ်၊ အာရုံခံကိရိယာများ ပေါင်းစပ်စီမံမှု၊ ပတ်ဝန်းကျင်အခြေအနေကို သိရှိနိုင်စွမ်းနှင့် စစ်ဗျူဟာမြောက်စီမံကိန်းချမှတ်ခြင်းတို့အတွက် ဉာဏ်ရည်တု (AI) စနစ်ကို ထည့်သွင်းတည်ဆောက်ထားသည်။

အော်ပရေတာများအနေဖြင့် စစ်ဆင်ရေးတာဝန်များကို ကြိုတင်အစီအစဉ်ထည့်သွင်းထားနိုင်ပြီး ဒရုန်းအုပ်စုလိုက်ဖြန့်ကြက်မှုကိုလည်း ဟန်ချက်ညီညီ စီမံခန့်ခွဲနိုင်သဖြင့် အော်ပရေတာ တစ်ဦးတည်းကပင် မောင်းသူမဲ့လေယာဉ်၊ ဒရုန်းအများအပြားကို တပြိုင်တည်း ထိန်းချုပ်မောင်းနှင်နိုင်သည်။ ဤစနစ်သည် တောင်ပံပုံသေဒရုန်းများ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ၊ FPV ဒရုန်းများ၊ ကင်းထောက် မောင်းသူမဲ့လေယာဉ်များနှင့် လေထဲတွင် ဝဲပျံစောင့်ဆိုင်းနိုင်သည့် တိုက်ခိုက်ရေးဒရုန်းများ အပါအဝင် စနစ်မျိုးစုံကို သယ်ဆောင်လွှတ်တင်နိုင်မည်ဖြစ်သည်။

Pandora CADDS စနစ်ကို P140 ဗားရှင်း၊ P160 ဗားရှင်းနှင့် P6240 ဗားရှင်းအမျိုးအစားသုံးမျိုးဖြင့် ထုတ်လုပ်ထားသည်။ P140 ဗားရှင်းမှာ တပ်စုအဆင့် စစ်ဆင်ရေးများအတွက် ပခုံးထမ်းသို့မဟုတ် ကျောပိုးသယ်ဆောင်နိုင်သည့် စနစ်မျိုးဖြစ်ပြီး စစ်သည်တစ်ဦးတည်းဖြင့်ပင် မိနစ်ပိုင်းအတွင်း တိုက်ပွဲဝင်အသင့်ဖြန့်ကြက်နိုင်သည်။ ၎င်းတွင် ခရီးဆောင်လက်ဆွဲ သေတ္တာအကြီးစားအရွယ်အစားခန့်သာရှိပြီး ၁၀ လက်မအရွယ် ဒရုန်းသုံးစင်းထိ လွှတ်တင်နိုင်သည်။ P160 ဗားရှင်းမှာ ဒရုန်းလွှတ်တင်နိုင်စွမ်း ပိုမိုမြင့်မားပြီး စစ်သည်များသယ်ဆောင်နိုင်သကဲ့သို့ မော်တော်ယာဉ်များပေါ်တွင်လည်း တပ်ဆင်နိုင်သည်။ ဗြိတိန်ကြည်းတပ်၏ စမ်းသပ်မှုများအတွင်း ဤဗားရှင်းသည် ဒရုန်းလွှတ်တင်ချိန်ကို ၈၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။ P6240 ဗားရှင်းသည် တပ်ရင်းအဆင့် စစ်ဆင်ရေးများအတွက် ဒီဇိုင်းဆွဲထားသည့်အမျိုးအစားဖြစ်ပြီး စစ်သုံးမော်တော်ယာဉ်များနှင့် ရေတပ်စစ်ရေယာဉ်များပေါ်တွင် တင်ဆောင်အသုံးပြုနိုင်သည်။ ၎င်းတွင် ဒရုန်း သို့မဟုတ် လက်နက်အမြောက်အမြားကို သိုလှောင်ခြင်း၊ အဆင့်သင့်ပြင်ဆင်ခြင်းနှင့် ဖြန့်ကြက်ခြင်းတို့အတွက် အဆင့်သုံးဆင့်ပါ လွှတ်တင်မှုစနစ်ပါရှိပြီး တိုက်ပွဲဝင်အသင့်ဒရုန်းများကို ခဲယမ်းများနှင့်အတူ ရက်ပေါင်း ၃၀ ထိ ကြိုတင် တပ်ဖြန့်ချထားနိုင်ကြောင်း သိရသည်။

နိုင်ငံတကာ တပ်ဖွဲ့များအနေဖြင့် ကုန်ကျစရိတ်သက်သာသည့် ဒရုန်းများ၊ FPV စနစ်များနှင့် လေထဲဝဲပျံစောင့်ဆိုင်းနိုင်သည့်ကာမိကာဇီဒရုန်းများကို အရေအတွက် အမြောက်အမြား အသုံးပြုလာကြချိန်တွင် ဤစနစ်သည် နယ်ပယ်စုံဖြန့်ခွဲ၍ အလိုအလျောက် လုပ်ဆောင်နိုင်မည့် စစ်ဆင်ရေးများဘက်သို့ ကူးပြောင်းလာမှုကို ထင်ဟပ်နေသည်။ Urban-Air Port ကုမ္ပဏီ၏ အဆိုအရ Pandora CADDS စနစ်သည် စရိတ်သက်သာပြီး စွမ်းဆောင်ရည်မြင့်မားသော ဒရုန်းဖြန့်ကြက်မှုစနစ်ဖြင့် တန်ဖိုးကြီးမားလှသည့်စစ်ဘက်ဆိုင်ရာ လက်နက်ပစ္စည်းကိရိယာများကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**UK Firm Unveils AI-Powered 'Drone Base in a Box' ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ခန္တီး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ကေ ၁၁၂၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ကေ ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဝါးခယ်မ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင်ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိအရောင်းအဝယ် ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက အသစ်တွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေတော့ ငရုတ်စိုက်တဲ့ တောင်သူတွေ အဆင်ပြေသလို လုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ ငရုတ်သီးခြောက်တွေက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ'' ဟု ဝါးခယ်မမြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက်ငရုတ်သီးများအရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်သူများ၊ လုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ငဖဲမြို့နယ် ဗိုလ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာအုပ်စု ဗိုလ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကို ဗိုလ်ကုန်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP )လုပ်ငန်းအဖွဲ့ဝင်များက ဗိုလ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၃၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၇၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄၄ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၆၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

ဇင်မာ




# သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး



**သထုံ ဇူလိုင် ၈**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ သန်းဖြင့် ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သထုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်ထံမှ သိရသည်။

သုတ



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကိုယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာဖိုရမ်တက်ရောက်ခဲ့မှုကိုမှတ်တမ်းတင်ခြင်း၊ အခမဲ့မြေလွှဲပြောင်းပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းအမှုထမ်းများကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များတွင် အခမဲ့ခရီးသွားလာခွင့်ရရှိရေး၊ လေယာဉ်ခရီးစဉ်ဆွဲပေးနိုင်ရေး၊ မြောင်း၊ ချောင်းနှင့် မြစ်ကြောင်းများကို အမြန်ဆုံးပြန်လည်တူးဖော်ပေးရေး၊ ရေထိန်းတာရိုးများ၊ ရေတံခါးများ ပြန်လည်ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ ဘရပ်စ်မြို့တွင် ၂၁-၆-၂၀၂၆ မှ ၂၂-၆-၂၀၂၆ထိ ကျင်းပခဲ့သည့် 2nd International Forum of the Union State "Great Heritage–Common Future"သို့ပါဝင်တက်ရောက်ခဲ့မှုကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး၏ **အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းကို အားကစားရေးရာဝန်ကြီးဌာနက အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ အင်းစိန်ဘောလုံးကွင်းကို ဝန်ထမ်းနှင့်မိသားစုဝင်များထဲမှ ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်း၏ လေ့ကျင့်ရေးကွင်းနှင့် အိမ်ကွင်းအဖြစ် ဘောလုံးပွဲများ လက်ခံကျင်းပနိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများမှ နေ့ထူးနေ့မြတ်များတွင် ဝန်ထမ်းများအတွက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအခမ်းအနားများကျင်းပနိုင်ရေးတို့ကို ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာ့မီးရထားမှ ကျင်းပသည့် အားကစားပြိုင်ပွဲများ၊ အခမ်းအနားများကို အခမဲ့ဖြင့်ခွင့်ပြုဆောင်ရွက်ပေးခြင်းနှင့်ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်းသို့ လေ့ကျင့်ရေးကွင်းအဖြစ် ငှားရမ်းခ တစ်နှစ်လျှင် ငွေကျပ် ၄၀၀၀၀၀၀၀ ဖြင့် ငှားရမ်းခွင့်ပြုထားသဖြင့် ဌာနဝင်ငွေရရှိလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အားကစားရေးရာဝန်ကြီးဌာနသို့လွှဲပြောင်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပမည်ဆိုပါက အခမဲ့အသုံးပြုခွင့်ဆောင်ရွက်




ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ တာဝန်ဖြင့်ဖြစ်စေ၊ မည်သည့်အကြောင်းကိစ္စဖြင့်ဖြစ်စေ အခမဲ့ခရီးသွားလာနိုင်ရေး ဦးစားပေးအဆင့်အဖြစ် စတင်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရထားဖြင့် ယခင်က ဌာနဆိုင်ရာဝန်ထမ်းများကို ခရီးသွားလာခွင့်အမိန့်(MO)တင်ပြပါက ကျသင့်လက်မှတ်ခ၏ ၇၅ ရာခိုင်နှုန်း ကောက်ခံသော်လည်း ၁-၉-၂၀၁၆ ရက်မှစ၍ ကျသင့်လက်မှတ်ခ ၁၀၀ ရာခိုင်နှုန်းပြည့်ကောက်ခံဆောင်ရွက်ခဲ့ရပါကြောင်း။

လေကြောင်းခရီးစဉ် အနေဖြင့် လေကြောင်းလိုင်းများသည် ၎င်းတို့ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုဖြင့် ရပ်တည်နေရသည့် လုပ်ငန်းများဖြစ်သည့်အပြင် မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် လေကြောင်းလိုင်းဖြစ်ပြီး လေကြောင်းလိုင်းမှရရှိသည့်ဝင်ငွေဖြင့်သာ ရပ်တည်နေရသည့်လုပ်ငန်းဖြစ်ပါကြောင်း။

ခရီးစရိတ်နှုန်းထားနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများအတွက် ယာဉ်စီးခနှုန်းထားများကို ယခင်နှုန်းထားဟောင်းအတိုင်းမဟုတ်ဘဲ ဒေသန္တရနှုန်းထားများဖြင့် ကုန်ကျသည့်ခရီးစရိတ်ကို ခံစားခွင့်ပြုလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်အရ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းဖြင့် ခရီးသွားလာခြင်းများအတွက် အမှန်ကုန်ကျစရိတ်ကို ပြန်လည်တင်ပြတောင်းခံလာပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၊ သက်ဆိုင်ရာဌာန၏ သာမန်အသုံးစရိတ်မှကျခံ၍ ပြန်လည်ထုတ်ပေးခြင်းဖြစ်သဖြင့် ထိုဝန်ထမ်းများ၏ ခရီးစရိတ်ကို နိုင်ငံတော်က ကျခံပေးခြင်းပင်ဖြစ်ပါကြောင်း။

ထို့ပြင် တာဝန်ဖြင့်ခရီးသွားသည့်ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်ကို တစ်ရက်လျှင် ငွေကျပ် ၄၈၀၀ နှုန်းဖြင့်လည်းကောင်း၊ တည်းခိုစရိတ်နှုန်းထားများကို ရာထူးအဆင့်အလိုက်နှင့် မြို့အလိုက်ခွဲခြား၍လည်းကောင်း သတ်မှတ်ခံစားခွင့်ကို မြန်မာနိုင်ငံ ခရီးစရိတ်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ခံစားခွင့်ပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လှိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန်ခရီးစဉ် ရပ်နားထားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းကို မည်သည့်အချိန်နှင့် မည်သို့သောနှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လှိုင်ကော်လေယာဉ်ကွင်းထိခိုက်ပျက်စီးမှုများ ပြုပြင်ခြင်းကို ယခုအခါဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းတွင် လေယာဉ်ဆင်းသက်အသုံးပြုရန် အဆင်သင့်ရှိနေသဖြင့် လေယာဉ်ဆင်းတက်မှုအတွက် လေယာဉ်ကွင်းဖွင့်လှစ်ထားရှိပါကြောင်း။

ယခုအခါ ကယားပြည်နယ်အစိုးရက မြန်မာအမျိုးသား လေကြောင်းလိုင်းကို လှိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ အသွား၊အပြန်လေယာဉ်ခရီးစဉ်များ ပြန်လည်ဆင်းတက်ပြေးဆွဲနိုင်ရေးနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်သည့် အနေအထားရှိသည်ဟု ပြန်ကြားချက်ရရှိပြီးဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လေယာဉ်ပြေးဆွဲရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့အဝင် လှိုင်ချောင်းနှင့် မြို့အတွင်းရှိ ချောင်းတောင်ချောင်းကို အမြန်ဆုံးပြန်လည်တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့ကရိတ်မြို့ ချောင်းတောင်ချောင်းအတွင်း ပိတ်ဆို့နေသောသောင်ခုံများ၏အခြေအနေကိုလာမည့် ပွင့်လင်းရာသီတွင် ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် ခရုတုတ်(အရှေ့ရွာ)မြောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်သားမြို့နယ် ခရုတုတ် အရှေ့နှင့် ခရုတုတ်အနောက်ကျေးရွာနှစ်ခုကို ကမ်းပြိုမှုမှကာကွယ်နိုင်ရန် စုစုပေါင်း အလျားပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင်အခြေပြု ကျောက်ဖြည့်မြေထိန်းနံရံဖြင့် တည်ဆောက် ကာကွယ်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် သန်း ၂၅၅၀ ခန့်ဖြစ်ပါကြောင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အသေးစိတ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ် ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ်တစ်ခုဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့ အမှတ် (၂)မြောင်းမှ ထမ္ဘနိုင်ကျေးရွာထိမြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကော့မှူးမြို့နယ် အမှတ်(၂)မြောင်းကူးတံတားမှ ထမ္ဘနိုင်ကျေးရွာထိ အလျားပေ ၁၅၉၀၀ ခန့်ကို ပြန်လည်နုန်းဆယ်တူးဖော်ပေးခြင်းဖြင့် ကော့မှူး-ဝါးဘလောက်သောက်ကားလမ်းမကြီး ဝဲယာရှိ လယ်မြေ ဧက ၆၅၀ ကို မိုးရာသီရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ပြီး နွေစပါးရာသီတွင် ရေချိုပိုမိုသွင်းယူ၍ နွေစပါး ၄၄၉ ဧက တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကော့မှူးမြို့ အမှတ်(၂) မြောင်းမှ ထမ္ဘနိုင်ကျေးရွာထိမြောင်းကို ပြန်လည်နုန်းဆယ်တူးဖော်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ် မင်းရွာကျောင်းစုကျေးရွာအုပ်စုရှိ ကြာဖြူရိုးတိမ်ကောနေမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သနပ်ပင်မြို့နယ် ကြာဖြူရိုးချောင်းသည် အလျား ၃ ဒသမ ၅ မိုင်ခန့် ရှည်လျား၍ တောင်သူများအတွက် အရေးပါသည့် ရိုးချောင်းတစ်ခုဖြစ်ပါကြောင်း။

ကြာဖြူရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော်လည်း တူးဖော်ခဲ့သည့်ကာလမှာကြာမြင့်ပြီဖြစ်ခြင်း၊ ချောင်းတစ်လျှောက် သဲနုန်းပို့ချမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိမ်ကောလျက်ရှိသဖြင့် ကြာဖြူရိုးချောင်းကို ပြန်လည်တူးဖော်ရန်လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကြာဖြူရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်ရှိ ရေငန်တားရေတံခါးများ ပျက်စီးနေမှုနှင့် ဆည်မြောင်းရေတံခါးလုံခြုံရေးတို့အတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီး ငပုတောဒေသသည် ပင်လယ်နှင့်ဆက်စပ်နေသဖြင့် ရေငန်ဝင်ရောက်သောဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးမှု အောင်မြင်စေရန်အတွက် အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာ၊ မကျီးပင်-မဒေါ့ကန်တာနှင့် သစ်ပုတ်ထိပ်ရေငန်တားတာတို့ကို တည်ဆောက်ထားပါကြောင်း၊ အလယ်ကျွန်း (၁)၊ (၂)၊ (၃) တာတွင် စုစုပေါင်း ရေတံခါး ၁၃ လုံးမှ စိုက်ပျိုးမြေ ဧက ၂၈၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း။

ယခုအခါ ကျွန်းပတ်တာများရှိ ရေတံခါးအဆောက်အအုံများ၏ ရေတံခါးရွက်များမှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းခြင်း၊ ရေလုံသားရေပြားများယိုယွင်းပျက်စီး၍ ရေစိမ့်ထွက်ခြင်း၊ ဂီယာအုံများပျက်စီးယိုယွင်းခြင်းတို့ဖြစ်ပေါ်နေ၍ ပြုပြင်ရန်လိုအပ်လျက်ရှိသည့် အခြေအနေဖြစ်ပါကြောင်း။

ရေတံခါး ၁၃ လုံးအနက်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် အလယ်ကျွန်း တစ်တာရှိ ရေတံခါး တစ်လုံးကို တိုင်းဒေသကြီးရန်ပုံငွေဖြင့်လည်းကောင်း၊ အလယ်ကျွန်း သုံးတာရှိ ရေတံခါး နှစ်လုံးကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၀ လုံးကို နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးအလိုက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြုပြင်သွားမည်ဖြစ်ပါကြောင်း။

ရေတံခါးများအဖွင့်အပိတ်လွယ်ကူစေရန် ဆေးသုတ်ခြင်း၊ ဆီထိုးခြင်း၊ ရေတံခါး အဝင်၊ အထွက်မြောင်းများတွင် အမှိုက်များ၊ မြက်ပင်၊ ချုံပင်များရှင်းလင်းခြင်းလုပ်ငန်းများကို သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိထိန်တပင်-ဝင်းကဒက် ချောင်း ၁၇/၄ မိုင် ပြန်လည်တူးဖော်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝေါမြို့နယ် ထိန်တပင်-ဝင်းကဒက်ချောင်းသည် စစ်တောင်းမြစ်အတွင်းသို့စီးဝင်သော အလျား ၁၇ မိုင် ၄ ဖာလုံ ရှည်လျားသည့် ချောင်းတစ်ခုဖြစ်ပါကြောင်း၊ ထိန်တပင်-ဝင်းကဒက်ချောင်းတိမ်ကောနေ၍ ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ လယ်မြေဧက ၉၅၀၀ ခန့် ရေကြီး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပညာရေးမြှင့်တင်မှုကော်မတီနှင့်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာ ဆောင်(I-13)ရှိ ပညာရေးမြှင့်တင်မှုကော်မတီ ဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှတင့်က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအနေဖြင့် ကော်မတီ၏ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာရည်မှန်းချက်များကို အသေးစိတ်ပြင်ဆင်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်များသည် ကျယ်ပြန့်သဖြင့်ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်၏ ဒေါက်တိုင်များဖြစ်၍ လွှတ်တော်၏ ရည်မှန်းချက်တာဝန်များအောင်မြင်ခြင်း၊ တိုးတက်ခြင်းသည် ကော်မတီများအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှု ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးစနစ် အုတ်မြစ်ခိုင်မာစေအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တည်ဆဲဥပဒေများအနက် ပညာရေးမြှင့်တင်မှုကော်မတီနှင့် သက်ဆိုင်သည့်ဥပဒေကိုးခုရှိပြီး ကော်မတီအနေဖြင့် အဆိုပါဥပဒေများပြင်ဆင်နိုင်ရေး ပြန်လည်သုံးသပ်ပြီး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေများအနက် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ဦးစားပေးပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်အောင် အလေးထားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် School Survey များ ကောက်ယူနိုင်ရေး လွှတ်တော်အနေဖြင့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအပြင် ပညာရေးနှင့် လုပ်ငန်းခွင်ဆက်စပ်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training – TVET)များ ဖွံ့ဖြိုးတိုးတက်လာစေရန် ပိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသား ဘာသာစကားများကို အခြေခံပညာရေးမှအစပြု၍ ထည့်သွင်းသင်ကြားစေခြင်းဖြင့် တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှုရရှိကာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် စနစ်တစ်ခုကိုဖော်ဆောင်ရန် စဉ်းစားသင့်ပါကြောင်း၊ ဤကော်မတီအနေဖြင့် ဆရာ၊ ဆရာမများ၏ ခံစားခွင့်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်းကောင်း အားလုံးလွှမ်းခြုံနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသည်ကို သိရ၍ဝမ်းသာပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပညာရေးအခန်းကဏ္ဍအရွေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း၊ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်အပေါ် သုံးသပ်၍ အသိမ်မွေ့ဆုံးနည်းလမ်းများဖြင့် အကောင်းဆုံး ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကင်းထောက်ကြီးများနှင့် တွေ့ဆုံပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကင်းထောက်ကြီးများနှင့်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက် အမျိုးသား၊ အမျိုးသမီးကြီးများ၊ လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ကအမှာစကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကင်းထောက်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

---

နစ်မြုပ်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ စိုက်ကေလျော့နည်းခြင်းများဖြစ်ပေါ်လျက်ရှိသောကြောင့် ချောင်းတူးဖော်ခြင်းနှင့် ရေငန်တားရေထိန်းတံခါးတစ်ခုတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်-ဝင်းကဒက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေသို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက်လည်း အသေးစိတ်စူးစမ်းလေ့လာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဆက်လက်လျာထားစီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ရေထွက်ပစ္စည်းများ တိုးချဲ့မွေးမြူမည့်စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း (Value Added)ပြုလုပ်မည့် အစီအစဉ်နှင့် ဘဏ္ဍာနှစ်တစ်နှစ်ချင်းထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ် ထုတ်လုပ်မှုအစီအမံစသည်တို့ကို မည်သို့တိုးချဲ့ဆောင်ရွက်မည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲထွန်းဝင်းက မြန်မာနိုင်ငံ၏ ရေသတ္တဝါငါးမွေးမြူရေးလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံကြီးကြပ်ကွပ်ကဲခြင်း၊ ငါးသားပေါက် လိုအပ်ချက်များအပေါ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝငါးသယံဇာတများပေါများစေရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါး၊ ပုစွန်၊ ကဏန်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထုတ်လုပ်မှုတိုးတက်စေရေးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ချခြင်း၊ စျေးကွက်ချဲ့ထွင်ခြင်းနှင့် စျေးကွက်အသစ်များရှာဖွေခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများကို အားပေးခြင်း၊ တန်ဖိုးမြှင့် ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်ခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လျက်ရှိသည့် စက်ရုံ ၁၁ ရုံရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် ၁၃ မျိုးကို နိုင်ငံတကာစျေးကွက်သို့ ထုတ်လုပ်တင်ပို့လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တန်ဖိုးမြှင့်ထုတ်ကုန်များ အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို အီးယူနိုင်ငံများ၊ ပင်လယ်ကွေ့ဒေသနိုင်ငံများ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ အမေရိကန် ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့်ဧရိယာများအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေးအတွက် ဒေသအတွင်းမှရရှိနိုင်သည့် အစာကုန်ကြမ်းများအသုံးပြုမွေးမြူထုတ်လုပ်နိုင်ရေး နည်းပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလိုသူများရရှိနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ မွေးမြူရေးမြေနေရာ လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ငါး၊ ပုစွန်မွေးကန်များ တိုးချဲ့မွေးမြူနိုင်ခြင်းဖြင့် ဒေသတွင်း ငါးရိက္ခာဖူလုံစေမည့်အပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေများပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ My Myanmar အမည်တပ်ဘားကုတ်စနစ်သုံး ဒစ်ဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက်ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာအသုံးပြုနိုင်ရေးကြိုးပမ်းသင့်ကြောင်း အကြံပြုအဆိုကို** တင်သွင်းရာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင် ခေါ် နေရှိုင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ




**နေပြည်တော် ဇူလိုင် ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဦးမောင်စိန်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ဒေသ အုန်းပင်ကွင်းကျေးရွာအုပ်စုနှင့် သဲချောင်းကျေးရွာအုပ်စုအကြားရှိ အလျား ၂၅ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေရှိသော ကျေးရွာချင်းဆက်တံတားမှာ ပြိုကျပျက်စီးလာပါသဖြင့် RCသံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက အဆိုပါတံတားသည် ရေဖြူမြို့နယ် ကံပေါက်ဒေသ သဲချောင်းကျေးရွာအုပ်စု သဲချောင်း-သပွတ်ချောင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းပိုင်းတွင်ပါဝင်ပါကြောင်း၊ ယင်းလမ်းပိုင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း ၃ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါတံတားနေရာသို့ ဌာနဆိုင်ရာဝန်ထမ်းများသွားရောက်၍ အသေးစိတ်ကွင်းဆင်းစိစစ်ရန် လတ်တလောလုံခြုံရေး အခြေအနေအရ ခက်ခဲလျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါ RC သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်မှသာ မြေပြင်ကွင်းဆင်းစိစစ်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် နီးစပ်ရာဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခဲချိန်၏ **စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ နမ္မတီး-တနိုင်း-ပန်းဆောင်(လီဒို)လမ်း၊ နန်းယွန်း-ပန်ဆောင်ကြားမှ နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် လမ်းပိုင်း(၁၇/၀)မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်း ၁၉၅ မိုင် ၁ ဖာလုံရှိသော [National Highway-အမှတ်(၄၉)] လမ်းတွင် ပါဝင်ပါကြောင်း၊ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနရန်ပုံငွေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ဆောင်ရွက်ခဲ့ပြီး ၎င်းလမ်းပိုင်းသည် မြို့နယ်ချင်းဆက်လမ်းဖြစ်၍ ၂၀၁၆ ခုနှစ်တွင် မိုင်တိုင်အမှတ် (၀/၀)မှ (၁၂/၀)ထိနှင့် မိုင်တိုင်အမှတ် (၂၉/၀)မှ (၃၅/၀)ထိ စုစုပေါင်း ၁၈/၀ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် မိုင်တိုင် အမှတ်(၁၂/၀)မှ (၂၉/၀)ထိ ၁၇/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးရှိ နန်းယွန်း-ပန်ဆောင် ၃၅/၀ မိုင် လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နမ္မတီး-တနိုင်း-ပန်ဆောင်(လီဒို) လမ်းပိုင်းတွင် ပါဝင်ခြင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချိတ်ဆက်ဆောင်ရွက်မည့် လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် တန်ချိန်များပြားသည့် ယာဉ်ကြီးများဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းပိုင်း၏သတ်မှတ်ချက်အဆင့်နှင့်သင့်လျော်သည့် လမ်း၊ တံတားလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ခြင်းတို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူဆောင်ရွက်သင့်ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး သဘောတူညီပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်း၏ **ကယားပြည်နယ်တွင် ကာလရှည်ကြာစွာ စစ်ဘေးဒဏ်များခံစားခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မဟာဗျူဟာစီမံကိန်းများချမှတ်ရေးဆွဲပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကယားပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၄၉ သန်းကျော်ကို ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးစီမံခန့်ခွဲရန်ပုံငွေသို့ လွှဲပြောင်းပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် နေရပ်စွန့်ခွာသူများသို့ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရန်ပုံငွေမှ ငွေကျပ် ၉၃၆ သန်းကျော်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ် စစ်ဘေးရှောင်များအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးနေအိမ်များအတွက် သတ်မှတ်ထောက်ပံ့ကြေး၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့ကို ထောက်ပံ့ထားရှိမှုသည် စုစုပေါင်း ငွေကျပ် ၇၃၆ သန်းခန့်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ထိခိုက်လွယ်အုပ်စုဝင် ၆၅၉၂ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၇ ဒသမ ၇၆ သန်းထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့အတူ ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၉၅၇ သန်း၊ ဆန်အိတ် ၄၁၂ အိတ်၊ ဆီ ၄၃၆ ပိဿာကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆန်အိတ် ၇၄၀၊ ဆီ ၉၂၄ ပိဿာကိုလည်းကောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့အနေဖြင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းများ၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ၊ စက်ချုပ်နည်းပညာသင်တန်းများကို ဘဏ္ဍာနှစ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဒေသတွင်း အသေးစားလုပ်ငန်းအဖြစ် ထူထောင်လိုပါက လုပ်ငန်းလိုင်စင်လျှောက်ထားပေးခြင်း၊ ထုတ်ကုန်များကို ဈေးကွက်ရရှိရေးနှင့် ဓာတ်ခွဲစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၂၇၉ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် မြို့တွင်းလည်ပတ်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၇၇ ခု၊ လွိုင်ကော်စက်မှုဇုန်တွင် လည်ပတ်နေသည့်လုပ်ငန်းကိုးခုတို့တွင် ဒေသတွင်းလုပ်သားများကို အလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟိုတယ်၊ တည်းခိုရိပ်သာများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဟိုတယ်သုံးလုံးနှင့် စည်ပင်တည်းခိုခန်းခုနစ်လုံး ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသ ၁၂ ခုသို့ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသရှိလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)သင်တန်းနှင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုးကိုလည်း ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားစီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးကဏ္ဍများ၌ သမဝါယမအသင်း ၁၅ သင်း၊ တောင်သူ ၃၉၂ ဦးကို ငွေကျပ် သန်း ၃၁၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကျပ် ၃၆၉ ဒသမ ၅ သန်း၊ တောင်သူအစုအဖွဲ့ ၁၆၉ ဖွဲ့ တောင်သူ ၁၄၅၁ ဦး၊ လယ်မြေ ၁၉၁၃၄ ဒသမ ၅ ဧကအတွက် ငွေကျပ် ၄၁၂၄ ဒသမ ၆၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါးမွေးမြူရေးကဏ္ဍအနေဖြင့်လည်း ငွေကျပ် ၃၀၁ သန်းနှင့် ကြက်၊ ဝက်နှင့် ဒေသန္တရမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၂၂၆၀ ဒသမ ၄ သန်းကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း စိုက်ပျိုးရေးတောင်သူ ၅၇၇ ဦး စိုက်ဧက ၅၅၈ ဒသမ ၇ ဧကအတွက် ချေးငွေကျပ် ၂၇၉၃ ဒသမ ၅ သန်းကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထပ်မံထုတ်ချေးပေးရန်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသ၏ ပထဝီဝင်ရေမြေအနေအထား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ရရှိနိုင်သောဒေသအရင်းအမြစ်များနှင့် နိုင်ငံ၏လက်ရှိအနေအထားပေါ်မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက်ဦးစီးဦးဆောင်၍ စီမံကိန်း၊ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် မဟာဗျူဟာစီမံကိန်းများ ပူးပေါင်းရေးဆွဲဆောင်ရွက်မှုမရှိပါကြောင်း၊ သို့သော် အဆိုပါ စီမံကိန်း၊ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းတာဝန်(Mandated)များအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်သိင်္ဂီဝင်းရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်တွင် စစ်ဘေးဒဏ်ကြောင့် နေအိမ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိမိတို့မြို့ပေါ်တွင် ပြန်လည်အခြေချနေထိုင်လျက်ရှိကြသော စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် နေထိုင်မှုအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

နယ်မြေအခြေအနေကြောင့် နေရပ်စွန့်ခွာ နေထိုင်ရသူများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ထောက်ပံ့ပေးခဲ့ရာ ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ ဒသမ ၄၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်နေထိုင်လျက်ရှိကြသူများ ယာယီနေထိုင်ရန်အတွက် မိုးကာတဲ၊ မိုးကာစနှင့် တာပေါ်လင်လိပ်များကိုလည်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများ၊ နယ်မြေတည်ငြိမ်အေးချမ်းလာသဖြင့် ပြန်လည်နေထိုင်သူများ၊ ပျက်စီးနေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရန်ပုံငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၅၃ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကောလင်းခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံ စသည့် အစားအစာရိက္ခာများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၂၀၃၃ ဒသမ ၃၁ သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထီးချိုင့်မြို့နယ်နှင့် ကသာမြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သူများအနေဖြင့် ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် ထောက်ပံ့မှုမကျန်ရှိစေရေးတို့အတွက် ပြန်လည်ရောက်ရှိနေထိုင်ပါက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များက စာရင်းများတင်ပြလာပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် သတ်မှတ်နှုန်းထား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန်နှင့် အမျိုးသားလွှတ်တော်က ယခုတင်ပြချက်ဖြင့် ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန်တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက် ၃၀ ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်က အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်းကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့်အဂတိကို ထိရောက်စွာအစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အခွန်စနစ်သည် ဝင်ငွေကောက်ခံရေးစနစ်တစ်ခုသာ မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူကြား ယုံကြည်မှုကိုတည်ဆောက်ပေးသော ယန္တရားတစ်ခုလည်းဖြစ်ပါကြောင်း၊ အခွန်စီမံခန့်ခွဲရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးရုံသာမက ဥပဒေကို လိုက်နာသောအခွန်ထမ်းများအပေါ် မမျှတမှုများဖြစ်ပေါ်စေပြီး ပြည်သူများ၏ အခွန်စနစ်အပေါ် ယုံကြည်မှုကိုလည်း လျော့နည်းစေပါကြောင်း၊ အခွန်ထမ်းများအနေဖြင့် အခွန်သတ်မှတ်ခြင်းဆိုင်ရာစံနှုန်းများကို လွယ်ကူစွာ မသိရှိရခြင်းသည် အဂတိဖြစ်ပေါ်နိုင်သည့် အခြေအနေများကိုဖြစ်စေနိုင်သော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း။

အခွန်တွက်ချက်မှုဆိုင်ရာ စံနှုန်းများ၊ နှုန်းထားများနှင့် တွက်ချက်ပုံများကို ပြည်သူများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးပြီး အခွန်ထမ်းတိုင်း မိမိအမှန်တကယ် ပေးဆောင်ရမည့် အခွန်ပမာဏကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ကုမ္ပဏီများသာမက တစ်ဦးချင်းအခွန်ထမ်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများပါ အလွယ်တကူ အသုံးပြုနိုင်စေရန်အတွက် အသုံးပြုနည်းများကို ပိုမိုရိုးရှင်းအောင် ပြင်ဆင်သင့်ပါကြောင်း။

အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်စွမ်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသင့်သကဲ့သို့ အခွန်ထမ်းများအတွက်လည်း အခွန်ဥပဒေနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ အသုံးပြုနည်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်ထမ်းများအတွက် ယုံကြည်ရသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်လာပါက နိုင်ငံတော်၏အခွန်ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက အခွန်ကောက်ခံမှုစနစ်ကို ဒစ်ဂျစ်တယ်စနစ်သို့ ရာနှုန်းပြည့်ပြောင်းလဲ(Digitalization & E–Tax System)ပါက ပြည်သူများ အခွန်ရုံးသို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်ဘဲ မိုဘိုင်းဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက် (Web Portal)မှတစ်ဆင့် အလွယ်တကူ အခွန်တွက်ချက်ခြင်းနှင့် ပေးဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည့် Mobile Tax Application ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် ချိတ်ဆက်(E–Payment Integration)ပါက အခွန်ငွေများကို ငွေသား (Cash) ဖြင့် ကောက်ခံခြင်းထက် ဘဏ်စနစ် (Mobile Banking, iBanking, QR Code Payment) များဖြင့်သာ တိုက်ရိုက်ပေးဆောင်စေသည့်စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများသည် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ တိုက်ရိုက်၊ ချက်ချင်းနှင့် ရာနှုန်းပြည့် ရောက်ရှိစေမည်ဖြစ်ပါကြောင်း။

အခွန်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းအောင်လျှော့ချ (Simplification of Tax Code) ပါက သမားရိုးကျလုပ်ငန်းရှင်များနှင့် ပြည်သူများ နားမလည်နိုင်သည့် ရှုပ်ထွေးသော အခွန်တွက်ချက်မှု ပုံသေနည်းများကို ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ပြီး အခွန်အမျိုးအစားများ တစ်နေရာတည်းတွင် တစ်ပါတည်းပေးဆောင်နိုင်မည့် One–Stop Service (OSS)များကို မြို့နယ်အဆင့်ထိ ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် အခွန်ပေးဆောင်ခြင်းကို ဝန်ထုပ်ဝန်ပိုး မဟုတ်ဘဲ ဂုဏ်ယူစရာတာဝန်တစ်ခု အဖြစ်ခံယူလာနိုင်ပြီး အခွန်ရှောင်လိုစိတ်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

စောင့်ကြည့်စစ်ဆေးရေး စနစ်ထူထောင်ရန်(Transparency & Feedback Mechanism) လိုအပ်ပါကြောင်း၊ ပြည်သူများ တိုက်ရိုက်တိုင်ကြားနိုင်မည့် အွန်လိုင်း အဂတိတိုင်ကြားမှုစနစ် (Online Complaint Portal) ထားရှိမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်က ပြည်သူများသည် နိုင်ငံတော်၏အခွန်ကို အပြည့်အဝပေးဆောင်ချင်ကြသော်လည်း လက်ရှိရှုပ်ထွေးနေသည့် အခွန်ထည့်သည့်စနစ်များကြောင့် နိုင်ငံတော်အခွန်များ နစ်နာထိခိုက်မှုများ ကြုံတွေ့နေရပါကြောင်း၊ ပြည်ထောင်စုအခွန်အကောက်စနစ်ကို ခေတ်နှင့်လျော်ညီစွာလွယ်ကူသည့် One Stop Service ဖြင့် ဆောင်ရွက်ပြုပြင်ပေးစေလိုပါကြောင်း၊ အစိုးရဝန်ထမ်းများ အဂတိတရားကင်းစင်မှသာ ဝန်ထမ်းကောင်းများ ဖြစ်လာပြီး အစိုးရကောင်းတစ်ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဒေါ်နော်ဖလောရင့်ဒယ်နီက အဂတိဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အပ်နှံထားသော အာဏာ၊ ရာထူး သို့မဟုတ် လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းဖြစ်ပါကြောင်း၊ အဂတိတရားများပြားသော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းနည်းပါးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကို အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်မခံသော ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မှသာ သန့်ရှင်းကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို လုံခြုံစိတ်ချစွာ လက်ခံနိုင်သည့် စနစ်များတည်ဆောက်ရန်လည်းလိုအပ်ပါကြောင်း၊ သတင်းပေးတိုင်ကြားသူများကို ဥပဒေအရ အကာအကွယ်ပေးနိုင်မှသာ အဂတိများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးသည် စီးပွားရေးမူဝါဒကောင်းများ ချမှတ်ခြင်းကဲ့သို့ပင် အရေးကြီးသော ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိတရားကိုတိုက်ဖျက်ရာတွင် ပြစ်ဒဏ်ပေးခြင်းတစ်ရပ်တည်းဖြင့် မလုံလောက်ဘဲ ကာကွယ်တားဆီးရေးနှင့် အသိပညာပေးရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိတရားတိုက်ဖျက်ရေးသည် ဥပဒေစိုးမိုးရေးကိစ္စတစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုနှင့်တိုက်ရိုက်ဆက်စပ်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးသည် အဓိကကျသည့်အတွက် ပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည်ဖြစ်သကဲ့သို့ ရရှိသောအခွန်များကို အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ပြန်လည်အသုံးပြုရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူများထံမှ အခွန်များကောက်ခံရာတွင် ယခင်က သတ်မှတ်ထားသော အခွန်နှုန်းထားများသည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် ယနေ့ခေတ်ကာလနှင့်ကိုက်ညီသော အခွန်နှုန်းထားများသို့ ပြောင်းလဲ၍ ကောက်ခံသင့်ပါကြောင်း။

အခွန်တိမ်းရှောင်သူများကြောင့် ရသင့်ရထိုက်သည့်အခွန်များမရရှိဘဲ အဂတိကြောင့် နိုင်ငံတော်တွင် အခွန်ဝင်ငွေများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ အဂတိကင်းရှင်းအောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေ တိုးတက်လာမည်ဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်က မြန်မာနိုင်ငံတွင် အခွန်စနစ်ပိုမိုအားကောင်းလာစေရန်နှင့် အဂတိလိုက်စားမှုကို ထိရောက်စွာလျှော့ချနိုင်ရေးသည် ရေရှည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်နေသည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှုစနစ်တကျမရှိလျှင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေပိုများပြီး အဂတိများနေပါက နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးနေမည်ဖြစ်ပါကြောင်း။

နည်းပညာသုံး အခွန်စနစ်သို့ ပြောင်းလဲခြင်း(Digitialization) သည် လူနှင့်လူ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကို လျှော့ချခြင်းဖြင့် အဂတိတရားကိုတားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်လိုသူများအနေဖြင့် အခွန်ရုံးများကို ကိုယ်တိုင်သွားစရာမလိုဘဲ Onlineမှ ပွင့်လင်းမြင်သာစွာတွက်ချက်၍ Electronic စနစ်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အားကောင်းအောင်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများနှင့် အခွန်ကင်းလွတ်ခွင့်များကို ရှုပ်ထွေးမှုမရှိစေဘဲ ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်ခွင့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကောက်ခံရရှိသော အခွန်ငွေကို မည်သည့်နေရာများတွင် ပြန်လည်အသုံးပြုနေသည်ကို ပြည်သူလူထုသိသာမြင်သာအောင် အစီရင်ခံစာထုတ်ပြန်ပေးခြင်းသည် ပြည်သူလူထုကို အခွန်ပေးဆောင်လိုစိတ်ကို မြှင့်တင်ပေးနိုင်ပြီး အစိုးရအပေါ်ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၀ ရက်တွင်ကျင်းပမည့် ၁၅ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့် ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၃၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၈

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

အလုပ်သမားဝန်ကြီးဌာန၏ ဂုဏ်သိက္ခာရှိသော ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုဆီသို့ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်များ၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ပုဂ္ဂလိကဘဏ်များ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)နှင့် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ထောင့်တစ်နေရာ ထောက်ပံ့ပေးနိုင်သော မိသားစုလွှဲပို့ငွေရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၁၀ ခုကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုမရှိစေရေးနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်တွင်း၊ ပြည်ပလုပ်သား ဈေးကွက်မြှင့်တင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပို့ငွေမှတစ်ဆင့် ၎င်းတို့မိသားစုဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး စသည်တို့ကို သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများက ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရှေ့ဖုံးမှအဆက်**


မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးဖြင့်ရေပြင်မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရေဘေးသဏ္ဌာန်တူလေ့ကျင့်ခြင်း သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းထားမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများ အသင့်ပြင်ဆင်ထားမှုများကို ရှင်းလင်းပြသသည်။

ဝန်ကြီးချုပ်က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာတွင် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့လိုက် (Teamwork)ဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် တစ်ဦးချင်း စွမ်းဆောင်ရည်မှအစ တပ်ဖွဲ့တစ်ခုလုံး၏စွမ်းဆောင်ရည်များတိုးတက်နေရန် နည်းစနစ်မှန်ကန်စွာလေ့ကျင့်ထားရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရေးနှင့် စက်ကိရိယာများကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရန် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ထားရေးတို့ကို ပြောကြားပြီးနောက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**■ နေရာကွက်၍ မိုးကြီးနိုင်မှ**

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘော များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




**❐ ကသာမြို့နယ်မှ**

စပါးဧက ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၈**

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဇူလိုင် ၁၅ ရက်ထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါတိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၅ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် ၃၁ ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် မုံရွာတပ်နယ်(က)အသင်းနှင့် စစ်ကိုင်းတပ်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အသင်းများ၊ ဒိုင်အဖွဲ့ဝင်များကို ဂုဏ်ပြုလက်ဆောင်နှင့်ဒိုင်းဆုရရှိသည့် စစ်ကိုင်းတပ်နယ်အသင်းတို့ကို ဆုများအသီးသီး ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၃ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❍ **ယာယီခေတ်အားပိတ်မှု**

ထိုသို့လုပ်ငန်းများဆောင်ရွက်နေစဉ် မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီခေတ်အား ပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ခေတ်အားပြတ်ရေိယာများရှိ ခေတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**







# ရွှေသောင်ယံမြို့ နယ်မြေအတွင်းရှိ ကျေးရွာများတွင် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်း



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စစ်ဝတ်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ နယ်မြေအတွင်းရှိ ကျေးရွာများတွင် အသစ်ဖွဲ့စည်းထားရှိသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အသစ်ဖွဲ့စည်းထား ရှိသော ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ ဝင်များအတွက် လက်နက်များတပ်ဆင် အပ်နှင်းသည်။ ထို့နောက် တိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စစ်ဝတ် ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင် များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ ကြကြောင်း သတင်းရရှိသည်။ (ဟ၀၁)

# မိုင်းရှူးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူး မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မိုင်းရှူးမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြ ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ရာ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူ ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (ဟ၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို အမှာစကားပြောကြားစဉ်။

## ၈-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၆၅၀,၀၂၆.၁၄ | ၁၂,၁၇၇,၆၂၂.၁၉ | ၆၇,၈၅၈,၁၆၅.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂၂၀၈ ဒသမ ၀၀ ကို ရောင်းချပေးခဲ့ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

၈- ၇ -၂၀၂၆

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံး ပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

☆ ကျောဖုံးမှအဆက်

ထို့နောက် ဆုပေးပွဲကိုဆက်လက် ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိ သော နှစ်ယောက်တွဲပြိုင်ပွဲဝင် ပြင်ဦးလွင် တပ်နယ်အသင်းနှင့် လေးယောက်တွဲ ပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။


အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၁ သင်းဖြင့် အုပ်စု လေးစုခွဲကာ ဇူလိုင် ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင် ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

(ဟ၀၁)

# (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်ကြမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်




အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း







## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗွီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။

## ● ရွှေကုက္ကိုလ်မှ

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း အလုံး ၇၀ ကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ခုနစ်လုံးကိုလည်း ဆက်လက်၍စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ❖ ထပ်မံလွှဲပြောင်းမှ

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Dong Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၉၂၀ တွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ❋ ပိတ်သိမ်းအရေးယူမှ

ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာပြေးဆွဲရန်နှင့် ယာဉ်စီးခကိုလည်း သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံသွားရမည် ဖြစ်ကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ထိုကဲ့သို့ ညွှန်ကြားထားသော်လည်း YBS(၆၅) ယာဉ်လိုင်းတံဆိပ် တပ်ဆင်ထားသော ယာဉ်အမှတ် (2I–2957) မော်တော်ယာဉ်သည် YBS ယာဉ်လိုင်းတွင် အမှန်တကယ် ပြေးဆွဲခြင်းမရှိဘဲ တောင်ဒဂုံမြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန်အတွင်း စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိခြင်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)ကို ယာဉ်အမှတ်(6F–3682)သို့ တရားမဝင် ရောင်းချခြင်းများ ပြုလုပ်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက တိုင်ကြားလာသည့်အတွက် တာဝန်ရှိသူများအနေဖြင့် သွားရောက်စစ်ဆေးခဲ့ရာတွင် အမှန်တကယ် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အမှတ်(2I–2957)နှင့် (6F–3682) ခရီးသည်တင်ယာဉ် နှစ်စီးကို ဇွန် ၃၀ ရက်မှစ၍ ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ ဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့




(၁)

အချိန်ကား ညဉ့်နှစ်ချက်တီးပြီမို့ ဝန်းကျင်တစ်ခုလုံးက တိတ်တိတ်ဆိတ်ဆိတ်။ သို့တိုင်အောင် ကားလမ်းမကြီးပေါ် တောင်မြောက်မောင်းနှင်နေကြသော ကားကြီး၊ ကားငယ်အသွယ်သွယ်ဆီမှ ဝူးခနဲ၊ ဝေါခနဲသံများက ခပ်စိပ်စိပ်ကြားနေရသည်။

နေရာကား ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးရှိ သကြားစက်ရုံကြီးတစ်ရုံတွင်ဖြစ်၏။ တိတ်ဆိတ်သောညအခါတွင် စက်ကြီးများ လည်ပတ်သံက ရုံဖန်ရုံခါ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာတတ်သည်။

လုံခြုံရေးတာဝန်ကျကင်းသမား၏ ညဉ့်နှစ်ချက်တီး သံချောင်းခေါက်သံပေါ်ထွက်လာပြီးနောက် စက်ရုံကြီးက ပုံမှန်အတိုင်း ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ ရုံဖန်ရုံခါတော့ သက်ဆိုင်ရာဌာနများဆီမှ ညဆိုင်းတာဝန်ကျဝန်ထမ်းများ၏ စကားသံတချို့ကို မတိုးမကျယ်ကြားရတတ်၏။ ဤစက်ရုံကြီးတွင် အဓိကလုံခြုံရေးဂိတ် နှစ်ဂိတ်ရှိသည်။

စက်ရုံမျက်နှာစာ တောင်ဘက်နှင့် မြောက်ဘက်တွင်သာ ဂိတ်များရှိပြီး စက်ရုံအနောက်ဘက်ပိုင်းမှာတော့ အလုံပိတ်ဖြစ်သည်။ သို့သော် မည်မျှပင်အလုံပိတ်စေကာမူ ခွေးတိုးပေါက်များက မီတာတစ်ရာတွင် သုံးလေးနေရာမျှ ပေါ်ပေါက်လျက်ရှိ၏။

လုံခြုံရေးအတွက် စက်ရုံ၏ကျောဘက်တွင် တဲတစ်တဲရှိပြီး ထိုတဲ၌ ဦးသောင်းညွန့်ဟုခေါ်သည့် အသက် ၅၀ ကျော် အငြိမ်းစားရဲထွက်ကြီးတစ်ယောက်ရှိလေသည်။ စက်ရုံဝန်ထမ်းမဟုတ်ဘဲ မိသားစုများပြီး အလုပ်မရှိသောကြောင့် စာနာနားလည်မှုဖြင့် လုံခြုံရေးတာဝန် ပေးထားခြင်းပင်ဖြစ်သည်။

"ဦးသောင်း ဒီညတော့ငါးအိတ်ပဲ၊ အရင်ဟာနဲ့ဆိုအိတ် ၂၀၊ သေသေချာချာလဲသယ်အုံးနော်၊ ကျွန်တော်တို့တောင် မနည်းထုတ်လာရတာ"

"အေးပါကွာ၊ မင်းတို့သာ ခြေလက်လုံလုံလာခဲ့ကြ၊ မနက်ဖြန်ညနေ ငွေအားလုံးရမယ်"

"ကဲ...သွားပြီ သွားပြီ... ဟင် ဟာ"

မှောင်မိုက်လှသော ဦးသောင်းညွန့်၏ တဲပရိဝုဏ်လေးသို့ ၃၆၀ ဒီဂရီပတ်ပတ်လည်မှ ဓာတ်မီးရောင်များဖြာကျလာသည်မှာ လပြည့်ည လမင်းကြီးရုတ်တရက်ပေါ်ထွက်လာသလိုလို။ တစ်ဆက်တည်းမှာပဲ "ဟေ့ကောင်တွေ ဘယ်မှမပြေးနဲ့၊ မင်းတို့ကို ငါတို့အားလုံးဝိုင်းထားတယ်" ဟူသည့် ရင်းရင်းနှီးနှီးကြားဖူးနေသည့် အသံကိုကြားလိုက်ရသည်။

(၂)

"မင်းတို့ တော်တော်သစ္စာမဲ့ကြတယ်။ ခင်ဗျားကော ဘာထူးလဲ၊ သူခိုးလက်ခံ လူမိုက်အားပေးကြံရာပါ၊ ကဲ... ဘယ်လိုလုပ်ကြမလဲ"

စီမံဌာနမှူး ဦးမျိုးခိုင်၏ရုံးခန်းအတွင်း သကြားခိုးထုတ်သူ သုံးယောက်၊ လက်ခံပြီး ဖြန့်ဝေသူတစ်ယောက်။ စုစုပေါင်း လေးယောက်။ ကျရောက်လာတော့မည့် အပြစ်တစ်ခုအတွက် သူတို့အားလုံး၏ မျက်နှာများသည်ကား နေထိပန်းအဆင့်မျှမဟုတ်တော့ဘဲ နေလောင်ထားသည့်ပုံမျိုးပင်ရှိနေကြလေသည်။

"သကြားတွေပျောက်တယ် ပျောက်တယ်နဲ့ သတင်းတွေကြားတာကြာပြီ။ သေသေချာချာ လက်ဆုပ်လက်ကိုင်မပြနိုင်သေးလို့ စောင့်နေတာ၊ မင်းတို့ကို လစာပေးထားတယ်ကွာ။ အခြားသူတွေလဲ ဒီလစာနဲ့ပဲ ရိုးရိုးသားသား တာဝန်ထမ်းဆောင်နေကြတာ။ မင်းတို့မရှက်ကြဘူးလား။ ဦးသောင်းညွန့် ခင်ဗျားက ပိုဆိုးတယ်။ လုံခြုံရေးအတွက်ထားပါတယ်ဆိုမှ တာဝန်ကိုအလွဲသုံးစားလုပ်တယ်။ ကိုယ်ကတားမြစ်ရမယ်၊ အသိပေးရမဲ့ဟာကို ကိုယ့်အကျိုးစီးပွားဖြစ်ဖို့ပဲ ခင်ဗျားတွေးတယ်။ ကျုပ်တို့ကတော့ ခင်ဗျားမိသားစုကိုငဲ့ညှာလို့ နေစရာလေးပေးပြီး သက်သောင့်သက်သာ တာဝန်လေးခန့်ထားတယ်။ ခင်ဗျားက ဒီနည်းနဲ့ဝန်ထမ်းကောင်းပီသပြလိုက်တာပေါ့"

"မဟုတ်ပါဘူးဆရာရယ်။ ရတဲ့ပင်စင်လေးက အိမ်စရိတ်ရယ်၊ ကလေးတွေ ကျောင်းစရိတ်ရယ်နဲ့ ဘယ်လိုမှ မလောက်တာမို့ အခုလို လုပ်လိုက်မိတာပါ။ ကျွန်တော်မှားပါတယ်။ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ။ နောက်ကို လုံးဝမဖြစ်စေရပါဘူးလို့ အာမခံပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့လဲ အာမခံပါတယ်။ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ။ နောက်တစ်ကြိမ်ဖြစ်ခဲ့ရင် ဆရာကိုယ်တိုင်ရဲစခန်းပို့ပါ။ အာမခံပါတယ်" ဟူသော အားလုံးဆီမှဝန်ခံချက်ဖြင့် အမှုတစ်မှုတော့ ပြီးသွားသည်။

ဦးမျိုးခိုင်အနေဖြင့် ယခုကိစ္စကို စက်ရုံမှူးဆီတော့ အကျိုးအကြောင်းတင်ပြထားရမည်။ အကယ်၍ ကိုယ်က မပြောဘဲထားလျှင် ကိုယ့်တာဝန်ဖြစ်သွားနိုင်သည်။ ဝန်ထမ်းများနှင့် ခက်လည်းခက်ပါသည်။ သကြားအဆင့်မှာသာမက ကြံချောင်းဘဝမှာပါ မသမာသည့် နည်းလမ်းပေါင်းစုံဖြင့် မြိုးမြိုးမြက်မြက်ရရန်ကြိုးစားကြသည်။ အကြောင်းမျိုးစုံနှင့် ကိုယ့်အိတ်ထဲ အပိုဆောင်းငွေဝင်ဖို့ကြံဖန်နေသည့်ဝန်ထမ်းများက နည်းလှသည်မဟုတ်။ လူတွေလူတွေ ငွေနောက်လိုက်သည့်လူတွေမို့လည်း ခက်ကြပါသည်လေ။

(၃)

ပြဿနာ၏အစသည် သမီးတို့ကျောင်းမှာပြုလုပ်သည့် စုံညီပွဲတော်ပေလော။ သို့တည်းမဟုတ် ဆုရခဲ့သည့် သမီးပင်လော။ သမီးသာဆုမရခဲ့လျှင်၊ စုံညီပွဲတော်မှာ ဆုတက်ရောက်မယူခဲ့ရလျှင် ဤသို့ဖြစ်လာနိုင်ပါဦးမည်လော။

ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားပြန်တော့ စာကြိုးစားပြီး မိဘဂုဏ်ဆောင်သည့် သမီးမှာ ဘာအပြစ်မှမရှိ။ ထိုကဲ့သို့ လိမ္မာရေးခြားအပြည့်နှင့် မိဘဂုဏ်မြှင့်တင်သောသမီးကို အားပေးချီးမြှောက်ရမည်မှာ မိမိတို့တာဝန်ပင်။

သားသမီးသုံးယောက်နှင့် ရောဂါသည်ဇနီးသည်တို့၏ စားရေး၊ ဝတ်ရေး၊ နေရေးအပြင် အပိုဆောင်း အခြေခံပညာရေးတာဝန်များကိုပါ မိမိတစ်ဦးတည်းဒိုင်ခံဖြေရှင်းနေရသောဘဝတွင် နှစ်ရက်အလိုမှ ကြိုသိရသော ပြင်ဆင်မှုတစ်ခုကြောင့် တစ်သက်တာလုံးစောင့်ထိန်းလာရသော ရိုးသားမှုတစ်ခုကို ဆီတစ်ဂါလန်နှင့် လဲလှယ်လိုက်ရသည်။

လွန်ခဲ့သော နှစ်ရက်ကဖြစ်၏။

"စုံညီပွဲတော်မှာ ဆုယူရင် သမီးဖိနပ်က ဟောင်းနေပြီဖေဖေ"

ပူဆာခြင်းမဟုတ်သော်လည်း အသိပေးတောင်းဆိုခြင်းမျိုး သတင်းပို့မှုတစ်ခုကို သမီးကြီးကဆိုလာခဲ့သည်။ လတ်တလောအခြေအနေမှာ ငွေဝင်နိုင်မည့်နည်းလမ်းများကို စဉ်းစားကြည့်တော့ ရစရာအကြွေးလည်း မရှိသလို ပေါင်နှံစရာဆိုတာလည်း မည်မည်ရရမရှိ။

သူများဆီက ငွေချေးရမှာကိုလည်း အင်မတန်ဝန်လေးလှသူမို့ အကောင်းဆုံးနည်းလမ်းကို ရှာကြည့်ရာ ကိုယ်မပိုင်သည့် ဆီဂိုဒေါင်သေးသေးလေးကို မျက်လုံးထဲပြေးမြင်မိသည်။

"ဆီကိုင်တဲ့လက် ဆီပေတယ်ဆိုပေမဲ့ ကျွန်မယောကျ်ားကတော့ လက်အိတ်စွပ်ထားတယ် ထင်ပါရဲ့တော်"

ဆီကိုင်ရာထူးရပြီးမကြာမီမှာပဲ ဇနီးသည်က ချီးမြှောက်ခြင်းလော၊ အားမလိုအားမရပြုခြင်းလော စကားတစ်ခွန်းဖြင့် မှတ်ချက်ပြုခဲ့၏။

"ဒီလိုပဲ ငွေကိုအဆင်ပြေအောင် လှည့်သုံးနေရတာပါပဲဗျာ။ ဟိုဘက်ကငွေကို ဒီမှာခဏထားလိုက်၊ ဒီဘက်ကငွေ ဟိုမှာခဏဖြည့်လိုက်နဲ့ အလုပ်က သင်ပေးသွားတာပေါ့"

"စာအုပ်ကြီးအတိုင်း လုပ်နေစရာမလိုပါဘူး ကိုခင်မောင်ရာ၊ ဘယ်သူမှ ရာနှုန်းပြည့်မှန်နေကြတာမှမဟုတ်ဘဲ။ နောက်ပြီး ကျုပ်တို့က ကိုယ်ကျိုးအတွက်သုံးစွဲနေတာမှမဟုတ်တာ။ လုပ်ငန်းအဆင်ပြေအောင် လုပ်ရတာပဲ။ အထက်လူကြီးတွေကိုယ်တိုင်က အဆင်ပြေအောင်လုပ်လို့ပဲ ပြောတာ"

လုပ်ဖော်ကိုင်ဖက်များ၏ စကားများက လတ်တလောပြဿနာကိုဖြေရှင်းရန် ခွန်အားများဖြစ်စေခဲ့သလားမသိ။ သို့သော် ယခုဟာက မိသားစုအရေးကိစ္စဖြစ်နေသည်။ ဆရာကလည်း စက်ရုံမှူးနှင့် ရန်ကုန်ကို အစည်းအဝေးပါသွားသည်။ နောက်တစ်ရက်နှစ်ရက်နေမှ ပြန်ရောက်မည်။ ကိုခင်မောင် စိတ်ကူးလိုက်သည်။ ဆီတစ်ဂါလန်ကို မည်သူ့ကိုမျှ ပြောမနေတော့ဘဲ မိမိအစီအစဉ်နှင့် ခဏချေးလိုက်မည်ဟု. . .။

(၄)

"ခင်ဗျား တော်တော်သစ္စာမဲ့တာပဲဗျာ၊ ကျုပ်တို့က ယုံကြည်စိတ်ချလို့ ဒီတာဝန်နဲ့ သင့်လျော်တယ်ဆိုပြီး ဆီဂိုဒေါင်မှာတာဝန်ပေးထားခဲ့တာ။ အခုဟာက ယုံကြည်မှုကိုအလွဲသုံးစားလုပ်တယ်။ ဆီတစ်ဂါလန်ရဲ့တန်ဖိုးကို နှမြောတာမဟုတ်ဘူးဗျ။ ခင်ဗျားရဲ့ ကိုယ်ကျင့်တရားကိုနှမြောတာ။ ခင်ဗျားလဲ ရှေ့လူတွေနဲ့ မထူးပါဘူးဗျာ"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဆရာဦးမျိုးခိုင် ပြောသမျှကိုသာ နာခံနေရုံမှတစ်ပါး ကိုခင်မောင်အခြားမတတ်နိုင်ခဲ့ပါချေ။ မစစ်လိုက်ရဘဲပေါ်သွားသည့် ဆီတစ်ဂါလန်မှောင်ခိုရောင်းဝယ်ဖောက်ကားမှုတွင် တရားခံက ကိုစိန်ဌေးလား၊ ဒါမှမဟုတ် ကြားထဲက ကိုခင်မောင့်ကို အငိုက်ဖမ်းနေသူ တစ်ယောက်ယောက်များလား ခွဲခြား၍မရ။

လူတိုင်းနေချင်သည့် နေရာတစ်ခုမို့ အတိုက်အခိုက်တွေများမှန်းတော့ သိထား၏။ ကိုစိန်ဌေးက ကြံစိုက်တောင်သူတစ်ယောက်ဖြစ်ပြီး ကိုခင်မောင်နှင့်လည်း မျက်မှန်းတန်းမိသည်။ ဆီအရေးပေါ်လိုနေသော ကိုစိန်ဌေးနှင့် ငွေလိုနေသော ကိုခင်မောင်တို့ လတ်တလောနားလည်မှု လုပ်လိုက်ခြင်းကို ဆရာဦးမျိုးခိုင် ဘယ်ကကြားသွားသည်မသိ။

"ကျုပ်တို့ကို လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေစေဖို့ နိုင်ငံတော်က ငွေကုန်ကြေးကျခံပြီး အခုလိုထောက်ပံ့နေတာက ကိုယ်ကျိုးအတွက် မဟုတ်ဘူးလေဗျာ။ ခရီးလေး နှစ်ရက်၊ သုံးရက် သွားပါတယ်။ နောက်မှာ ဖြစ်ချင်တိုင်းဖြစ်တော့တာပဲဗျာ"

"နောက် မဖြစ်စေရပါဘူးဆရာ၊ အခုဟာကလဲ ငွေအရေးတကြီးလိုနေ့လို့ ကြံရာမရလုပ်လိုက်မိတာပါ။ တကယ်တော့ ဒီဆီကိုကျွန်တော်က ခဏချေးတဲ့သဘောပါ"

"ဟ ခင်ဗျားက အခုမှ ဒီစကားပြောတော့ကော ဘာထူးတော့မှာလဲ ကိုခင်မောင်၊ အစရှိအနောင်နောင်တဲ့၊ ထားတော့ ဒီတစ်ကြိမ်တော့ ရှိစေတော့ဗျာ။ နောက်မဖြစ်ပါစေနဲ့။ ကျုပ်ခင်ဗျားကို ယုံကြည်ပေးလိုက်မယ်။ အလွဲသုံးစားလုပ်တာ မကောင်းဘူးဆိုတာတော့ မှတ်ထားဗျ"

ဆက်လက်ဖော်ပြပါမည်။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၃၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၃၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကနီမြို့နယ်တွင် မြေပဲဧက ၂၆၃၉၀ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၈၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ မြေပဲဧက ၂၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လပထမပတ်မှ ယနေ့ထိ ဒေသထွက် ကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ မှိုအမျိုးအစားမှာ ချပ်စက္ကူတွေ၊ ကောက်ရိုးတွေနဲ့ အဓိက စိုက်ပျိုးထုတ်လုပ်တဲ့ မှိုတွေဖြစ်ပါတယ်။ လက်ရှိတောင်သူတွေ စိုက်ထားတဲ့မှိုတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလိုမှိုတွေ



အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ၊ လုပ်သားတွေ အဆင်ပြေလာပါတယ်။ အခုလို ကောက်ရိုးမှိုတွေ အရောင်းအဝယ်ကောင်းနေတာက ရန်ကုန်ဈေးကွက်အပြင် အခြားဈေးကွက်ကပါ အဝယ်လိုက်နေလို့အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေး လုပ်ငန်းနှင့်ယှဉ်တွဲပြီး ကောက်ရိုးမှိုအပါအဝင် အခြားရာသီပေါ်သီးနှံများလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါမှိုများကို ဒေသခံတောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧက စသည်ဖြင့် စိုက်ပျိုးကြပြီး ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဇူလိုင် ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ယန်းခိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၃၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## ပြည်ကျိုးရှက်စို့ တို့တစ်တွေ

– ပြည်နိုင်ငံ အကျိုးတွက်
တိုးရှက်ပ့ါ တို့တစ်တွေ၊
မြို့နယ်ရွာ ပြည်တစ်လွှား
စည်ကားဖို့လေ၊
သွေးချင်းတို့ ငြိမ်းချမ်းစေ
အငြိမ်းပန်းတွေ ပျိုးစိုက်ရင်း၊
ချစ်မေတ္တာ မြဲမပျက်
တွဲလက်ကို နှင်း။

– တို့တစ်တွေ ညီနောင်ရင်းတို့
ပြည်ထောင်အခင်း သာစေရှယ်၊
ကြိုးစားလျှင် ကြိုးစားသလောက်
မိုးဖျားရောက်မယ်၊
မြန်မာမျိုး ဂုဏ်ရောင်ကြွယ်
ဘုံဆောင်အလယ် ခွဲခွဲညား၊
မြန်မာဆို ဇာတိကို
ကမ္ဘာသိစေတကား။

– တို့တစ်တွေ အညီအားနဲ့
တည်ထားတဲ့ တို့မြန်မာ၊
တိုင်းရင်းစုံ မျိုးအစစ်မို့
တိုးချစ်ဖို့သာ၊
ဘယ်သူခွဲခွဲ မကွဲမကွာ
အမြဲသာ စည်းလုံးစမ်း၊
မြန်မာဟာ
ကမ္ဘာမှာ ဘုံအလှလို့
အိုကွယ်..
ဂုဏ်ကြွမဲ့နန်း။ ။

လွမ်းလေးကို(သရက်)

# သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ဆိပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စော၊ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကရင်ဆိပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်းရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကရင်ဆိပ်ကျေးရွာ၌ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အောင်မင်္ဂလာအဖွဲ့၊ ပွင့်လင်းအဖွဲ့၊ အောင်မြင်ကျော်ကြားအဖွဲ့၊ သာယာအေးအဖွဲ့ လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# အခွံမာရေသတ္တဝါ ကဏန်းဘုရင်အကြောင်း သိကောင်းစရာ

နှင်းအိ(ရာမည်မြေ)



**ကဏန်းဘုရင်၏ သဘာဝ**

ကဏန်းဘုရင် (King Crab) သည် အခွံမာရေသတ္တဝါတစ်မျိုးဖြစ်ပြီး အခွံမာရေသတ္တဝါများထဲတွင် အရွယ်အစားအကြီးဆုံးဖြစ်သည်။ မြောက်အမေရိကနှင့် ဂျပန်ကမ်းရိုးတန်း အအေးပိုင်း ပင်လယ်နက်များတွင် ကျက်စားသော အလွန်ကြီးမားသည့် ပင်လယ်ကဏန်းမျိုးစိတ် တစ်မျိုးလည်းဖြစ်သည်။ အသားများ၌ အာဟာရပြည့်စုံသောကြောင့် တန်ဖိုးကြီးပင်လယ်စာအဖြစ်လည်း သတ်မှတ်ကြသည်။ ကဏန်းဘုရင်သည် ကိုယ်ထည်နှလုံးပုံသဏ္ဌာန် သို့မဟုတ် တြိဂံပုံသဏ္ဌာန်ရှိပြီး အရွယ်အစားကြီးမားကာ အလေးချိန် ငါးကီလိုဂရမ်ထိ ရှိတတ်သည်။

**ထူးခြားချက်**

ကဏန်းဘုရင် (King Crab) သည် ကြွပ်ဆတ်သော ခန္ဓာကိုယ်ရှိသော်လည်း ခရုခွံစွပ်ကဏန်းများနှင့် မျိုးရိုးပိုနီးစပ်သည်။ ကဏန်းဘုရင်၏ သွေးတွင် ဟေမိုဆိုင်ယာနင်(Hemocyanin) ပါရှိသောကြောင့် သွေးသည် အပြာရောင်ဖြစ်သည်။

အခွံမာကျောသော ခြေထောက် ရှစ်ချောင်းနှင့် လက်မနှစ်ချောင်းပါရှိပြီး အဓိကအားဖြင့်ခြေထောက်များနှင့် လက်မများအတွင်းမှ အသားများကိုသာ အထူးတလည် စားသုံးကြသည်။ အသားသည် အဖြူရောင် သို့မဟုတ် ပန်းနုရောင်ရှိပြီး အလွန်ချိုသော အရသာရှိကာ နူးညံ့သည်။ ပင်လယ်စာစားသောက်ဆိုင်ကြီးများတွင် ကဏန်းဘုရင်၏ ကြီးမားသည့် လက်မကြီးများကို အထူးမီနူးအဖြစ်မှာယူစားသုံးလေ့ရှိသည်။

**အရွယ်အစား**

ကဏန်းဘုရင်များသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကဏန်းမျိုးစိတ်ထဲတွင်ပါဝင်ပြီး ကိုယ်ထည်အရွယ်အစားမှာ ၁၁ လက်မခန့်ထိ ကျယ်ဝန်းကာ ခြေတံဖြန့်လိုက်လျှင် ငါးပေကျော်ထိ ရှည်လျားပြီး အလေးချိန်အားဖြင့် ပေါင် ၂၀ မှ ၂၅ ပေါင်ထိ ရှိတတ်သည်။ ကဏန်းဘုရင်သည် ပုံမှန်ကဏန်းများထက် အရွယ်အစားအလွန်ကြီးမားပြီး ခြေထောက်ရှည်ကာ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဆူးများဖုံးလွှမ်းနေသော ပင်လယ်သတ္တဝါတစ်မျိုးဖြစ်သည်။

**ခန္ဓာကိုယ်နှင့် အရောင်အသွေး**

ခန္ဓာကိုယ်မှာ နှလုံးပုံသဏ္ဌာန် သို့မဟုတ် တြိဂံပုံသဏ္ဌာန်ရှိပြီး မာကျောသောအခွံများဖြင့် ဖုံးအုပ်ထားသည်။ အသက်ရှင်နေစဉ်တွင် အညိုရောင်၊ အပြာရောင် သို့မဟုတ် မဲနယ်ရောင်ရှိသော်လည်း ချက်ပြုတ်ပြီးချိန်တွင် အနီရောင် သို့မဟုတ် ပန်းရောင်သို့ ပြောင်းလဲသွားတတ်သည်။

ခြေထောက်လေးစုံပါရှိသော်လည်း ခြေထောက်သုံးစုံကိုသာ လမ်းလျှောက်ရန်အသုံးပြုသည်။ ပထမဆုံးခြေထောက်တစ်စုံတွင် ကြီးမားသော လက်ချောင်းများပါရှိပြီး ညာဘက်လက်ချောင်းသည် ဘယ်ဘက်ထက်ပို၍ ကြီးမားသည်။

**နေထိုင်မှုအလေ့အထ**

ကဏန်းဘုရင်များသည် ရေအောက်ကြမ်းပြင်တွင် နေထိုင်ကျက်စားလေ့ရှိပြီး ရာသီအလိုက် ရေတိမ်နှင့် ရေနက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်သည့်အလေ့အထများလည်း ရှိကြသည်။ ကဏန်းဘုရင်သည် အလွန်အေးသောရေကို နှစ်သက်ကြသည်။ အရွယ်ရောက်ပြီးကဏန်းများသည် ပုံမှန်အားဖြင့် ပေ ၆၀ မှ ၆၀၀ ကြား ရေနက်ပိုင်းများတွင် နေထိုင်ကြသည်။ ရွှံ့နွံ့ သို့မဟုတ် သဲဖုံးလွှမ်းသော ပင်လယ်ကြမ်းပြင်များကို ပိုမိုနှစ်သက်ကြသည်။ ရန်သူများကို ကာကွယ်ရန်အတွက် ကဏန်းငယ်များ သို့မဟုတ် အရွယ်ရောက်ပြီးကဏန်းများသည် နေ့အချိန်တွင် အုပ်စုများဖွဲ့၍ စုဝေးနေထိုင်တတ်ကြသည်။

ကဏန်းဘုရင်များသည် ညအချိန်တွင် အုပ်စုခွဲကာ ပင်လယ်ကြမ်းပြင်ပေါ်ရှိ ခရု၊ ပင်လယ်ခုံး၊ ကျောက်ပုစွန်ငယ်တို့ကို ရှာဖွေစားသောက်ကြသည်။ နွေရာသီနှင့် ဆောင်းဦးရာသီတွင် အစာရှာရန် ရေနက်ပိုင်းသို့ သွားရောက်ကြသည်။ မိတ်လိုက်သည့်ရာသီတွင် ကဏန်းအထီးနှင့် အမတို့သည် တစ်ပတ်ခန့် အတူနေထိုင်ကြသည်။ ကဏန်းအမသည် ဥပေါင်း ၄၅၀၀၀ မှ ၅၀၀၀၀၀ ခန့်ကို ၎င်း၏အမြီးအောက်တွင် တစ်နှစ်ခန့် သယ်ဆောင်ကာ မျိုးပွားလေ့ရှိသည်။ ဥများပေါက်ချိန်တွင် ရေတိမ်ပိုင်းသို့ ပြောင်းရွှေ့ကြပြီး ဥမှသားလောင်းလေးများအဖြစ် ရေထဲတွင် လွတ်လပ်စွာ ရှင်သန်ကြသည်။

**အခွံလဲခြင်း**

ကဏန်းများ ခန္ဓာကိုယ်ကြီးထွားလာရန်အတွက် ၎င်းတို့၏မာကျောသော အခွံကို စွန့်ပစ်ရသည့် အခွံလဲခြင်းကို ပြုလုပ်ကြသည်။ အခွံအသစ်လဲပြီးစနှင့် အခွံလဲချိန်တွင် ခန္ဓာကိုယ်သည် အလွန်နုနယ်ပြီး အန္တရာယ်များသောကြောင့် ကျောက်တုံးများ သို့မဟုတ် သန္တာကျောက်တန်းများကြားတွင် ပုန်းအောင်းနေတတ်ကြသည်။

**သက်တမ်း**

ကဏန်းဘုရင်များ၏သက်တမ်းမှာ မျိုးစိတ်အလိုက်ကွာခြားမှုရှိပြီး မျိုးစိတ်အများစုသည် နှစ် ၂၀ မှ ၃၀ ထိ အသက်ရှင်သန်နိုင်ကြသည်။ ကဏန်းဘုရင်များသည် အသက်လေးနှစ်မှ ငါးနှစ်အရွယ်တွင် အရွယ်ရောက်ကြပြီး မျိုးပွားနိုင်စွမ်းရှိလာကြသည်။

**စားသုံးမှုပုံစံ**

ကဏန်းဘုရင်သည် အရသာရှိလှပြီး အသားအများဆုံးဖြစ်သော ကဏန်းအမျိုးအစားဖြစ်သည်။ ၎င်းကိုစားသုံးရာတွင် ကဏန်း၏ခြေထောက်များနှင့် လက်မများကို အဆစ်များအတိုင်း ဓားဖြင့် လှီးဖြတ်၍ ခွဲထုတ်ရသည်။ ခြေထောက်အမာများကို ကဏန်းခွဲကိရိယာ သို့မဟုတ် မီးဖိုချောင်သုံးကတ်ကြေးဖြင့် အပေါ်ယံအခွံကိုညှပ်၍ အသားများကို အလွယ်တကူ ထုတ်ယူနိုင်သည်။ ကဏန်းခွံကို ခွဲပြီးသည်နှင့် အတွင်းရှိ အသားကို ဆွဲထုတ်ရသည်။

စားသုံးရာတွင် ရေနွေးဖြော်ခြင်း သို့မဟုတ် ပေါင်းထားခြင်းများပြုလုပ်သော ကဏန်းခြေထောက်များကို ထောပတ်ဆီ သို့မဟုတ် သံပရာရည်၊ ငရုတ်ကောင်းစပ်ထားသော ဆော့စ်တို့နှင့် တွဲဖက်စားသုံးခြင်းသည် အရသာအရှိဆုံးဖြစ်သည်။

**❖ ကဏန်းဘုရင်သည် အရသာရှိလှပြီး အသားအများဆုံးဖြစ်သော ကဏန်းအမျိုးအစားဖြစ်သည်။ ၎င်းကိုစားသုံးရာတွင် ကဏန်း၏ ခြေထောက်များနှင့် လက်မများကို အဆစ်များအတိုင်း ဓားဖြင့် လှီးဖြတ်၍ခွဲထုတ်ရသည်။ ခြေထောက်အမာများကို ကဏန်းခွဲကိရိယာ သို့မဟုတ် မီးဖိုချောင်သုံးကတ်ကြေးဖြင့် အပေါ်ယံအခွံကို ညှပ်၍ အသားများကို အလွယ်တကူထုတ်ယူနိုင်သည်။ ကဏန်းခွံကို ခွဲပြီးသည်နှင့် အတွင်းရှိအသားကို ဆွဲထုတ်ရသည်။ ❖**

**အာဟာရနှင့် ကျန်းမာရေး**

ကဏန်းဘုရင်သည် ပရိုတင်းဓာတ်အပြည့်အဝပါဝင်ပြီး အဆီနှင့် ကာဗိုဟိုက်ဒရိတ်နည်းပါးသဖြင့် ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် အလွန်ကောင်းမွန်သော ပင်လယ်စာဖြစ်သည်။ ၎င်းတွင်ပါဝင်သော ဗီတာမင်ဘီ-၁၂၊ ဇင့်နှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်တို့သည် ဦးနှောက်လုပ်ဆောင်ချက်ကို ကောင်းမွန်စေပြီး ကိုယ်ခံအားကို မြှင့်တင်ပေးသည်။

ကဏန်းဘုရင်၏ အဓိကကျန်းမာရေးအကျိုးကျေးဇူးများမှာ ကြွက်သားများသန်မာစေခြင်း၊ အာရုံကြောနှင့် သွေးအားကောင်းစေခြင်း၊ အဆီနှင့် ကယ်လိုရီနည်းခြင်းတို့ဖြစ်သည်။

**ကြွက်သားများ သန်မာစေခြင်း**

ကဏန်းဘုရင်တွင် အရည်အသွေးမြင့် ပရိုတင်းများစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်တစ်ရှူးများကို ပြုပြင်တည်ဆောက်ရာတွင် အဓိကအထောက်အကူပြုသည်။

**အာရုံကြောနှင့် သွေးအားကောင်းစေခြင်း**

ကဏန်းဘုရင်တွင် ဗီတာမင်ဘီ-၁၂ ကြွယ်ဝစွာပါဝင်သဖြင့် သွေးနီဥဆဲလ်များ ထုတ်လုပ်မှုကို အားပေးပြီး အာရုံကြောစနစ်ကို ကျန်းမာစေသည်။

**အဆီနှင့် ကယ်လိုရီနည်းခြင်း**

ကဏန်းဘုရင်တွင် အဆီနှင့် ကာဗိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသောကြောင့် အစားအသောက်ထိန်းချုပ်နေသူများအတွက် အထူးသင့်လျော်သည်။

**သတိပြုရန်အချက်များ**

ကဏန်းဘုရင်သည် ပင်လယ်စာအများစုကဲ့သို့ပင် ကိုလက်စထရောပါဝင်မှု အသင့်အတင့်ရှိသဖြင့် သွေးတွင်းကိုလက်စထရောမြင့်မားသူများအနေဖြင့် ချင့်ချိန်စားသုံးသင့်သည်။

ကဏန်းဘုရင်သည် သဘာဝအတိုင်း ဆားဓာတ် (Sodium) အနည်းငယ်ပါဝင်ပြီး ပြင်ဆင်ချက်ပြုတ်ရာတွင် ထည့်လေ့ရှိသော ဆားပမာဏကိုသတိပြုရန်လိုအပ်သည်။ ကဏန်းဘုရင်ကို ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုတ်စားခြင်း သို့မဟုတ် ပေါင်းစားခြင်းနည်းလမ်းသည် အကောင်းဆုံးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကဏန်းဘုရင် (king crab) သည် သဘာဝအားဖြင့် ထူးခြားလှသော အခွံမာရေသတ္တဝါဖြစ်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းကျိုးများစွာရရှိနိုင်သော ရေသတ္တဝါဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(1) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၃)
(2) ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)
(3) Fish Base of Myanmar
(4) Inland Fisheries of Myanmar

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# တရုတ်နိုင်ငံ၏ စိမ်းလန်းသောစီးပွားရေးအသွင်ကူးပြောင်းမှု

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

**ယခင်တစ်ပတ်မှအဆက်**

**ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးချဲ့မှု၏ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပါမှုကို လေ့လာကြည့်လျှင် ရုပ်ကြွင်းလောင်စာများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၏ အကြီးမားဆုံးရင်းမြစ်များထဲမှ တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။ ရုပ်ကြွင်းလောင်စာ အခြေခံစွမ်းအင်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် အစားထိုးခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ရန်ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ကူညီပေးသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြင့် တရုတ်နိုင်ငံသည် လေထုအရည်အသွေးနှင့် ပြည်သူ့ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပြီး စီးပွားရေးတိုးတက်မှုနှင့် ဆက်စပ်သော ထုတ်လွှတ်မှုများကို လျှော့ချနိုင်သည်။ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားထုတ်လုပ်မှုအပေါ်မှီခိုမှုလျှော့ချခြင်းသည် လေထုညစ်ညမ်းမှုကိုဖြစ်စေသော အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များ ထုတ်လွှတ်မှုကို လျှော့ချနိုင်သည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရည်မှန်းချက်များကိုလည်း ပံ့ပိုးပေးသည်။ ကမ္ဘာ့အကြီးဆုံးစွမ်းအင်သုံးစွဲသူနှင့် ကမ္ဘာလုံးဆိုင်ရာထုတ်လွှတ်မှု၏ အဓိကပံ့ပိုးကူညီသူအနေဖြင့် တရုတ်နိုင်ငံ၏တိုးတက်မှုကို ကမ္ဘာတစ်ဝန်းရှိ မူဝါဒချမှတ်သူများ၊ သုတေသီများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများက အနီးကပ်စောင့်ကြည့်နေသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကြီးမားသောအတိုင်းအတာဖြင့် တိုးချဲ့ရာတွင် အောင်မြင်မှုသည် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းအင်အသွင်ကူးပြောင်းမှုများကို အရှိန်မြှင့်တင်ရန် ရှာဖွေနေသော အခြားနိုင်ငံများအတွက် အဖိုးတန်သင်ခန်းစာများကိုပေးသည်။

**ရှေ့ကိုမျှော်ကြည့်ခြင်း**

တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ကွယ်မှအရှိန်အဟုန်သည် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ရသည်။၂၀၂၆ ခုနှစ်အတွင်း လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်စွမ်းရည်အသစ် ဂစ်ဂါဝပ် ၃၀၀ ခန့် ထပ်မံတိုးချဲ့မည်ဟု ခန့်မှန်းထားသည်။ ဤကိန်းဂဏန်းကို ကြည့်လျှင် ၎င်းသည် စီးပွားရေးလုပ်ငန်းကြီးများစွာ၏ စုစုပေါင်း တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းထက်ကျော်လွန်နေသည်။

ဤတိုးချဲ့မှုအောင်မြင်ပါက တရုတ်နိုင်ငံ၏ ဓာတ်အားစနစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏အနေအထားကို ပိုမိုအားကောင်းစေပြီး စီးပွားရေးတိုးတက်မှုအတွက် ၎င်း၏ပံ့ပိုးကူညီမှုကို တိုးမြှင့်ပေးမည်ဖြစ်သည်။ ကြီးမားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အခြေစိုက်စခန်းများ၊ ကမ်းလွန်လေစွမ်းအင်စီမံကိန်းများ၊ ဖြန့်ဝေထားသော နေရောင်ခြည်စွမ်းအင်စနစ်များ၊ စွမ်းအင်သိုလှောင်ရုံများနှင့် ထုတ်လွှတ်မှုအခြေခံအဆောက်အအုံများ အပါအဝင် နယ်ပယ်များစွာတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်ရန် မျှော်လင့်ရသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကြွယ်ဝသော ဒေသများမှ အဓိကလူဦးရေနှင့် စက်မှုလုပ်ငန်းဗဟိုချက်များသို့ လျှပ်စစ်ဓာတ်အားပို့ဆောင်ရန် အလွန်မြင့်မားသောဗို့အားမြင့် ထုတ်လွှတ်မှုလိုင်းအသစ်များကို တီထွင်လျက်ရှိသည်။ ဤစီမံကိန်းများသည် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များ အသုံးချမှုကို အများဆုံးဖြစ်စေရန်နှင့် ဓာတ်အားလိုင်းထိရောက်မှုကို မြှင့်တင်ရန်ကူညီပေးသည်။

တစ်ချိန်တည်းမှာပင် နည်းပညာဆန်းသစ်တီထွင်မှုသည် ကုန်ကျစရိတ်များကို ဆက်လက်လျှော့ချပြီး စွမ်းဆောင်ရည်ကို တိုးတက်စေရန် မျှော်လင့်ရသည်။ ဆိုလာဆဲလ်ထိရောက်မှု၊ ဘက်ထရီဓာတုဗေဒ၊ ဓာတ်အားလိုင်းစီမံခန့်ခွဲမှုဆော့ဖ်ဝဲနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ခန့်မှန်းချက်တို့တွင် တိုးတက်မှုများသည် သန့်ရှင်းသောစွမ်းအင်၏ ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်ပေးနိုင်ဖွယ်ရှိသည်။

**စိန်ခေါ်မှုများ ရှိနေဆဲ**

စင်စစ်တိုးတက်မှုများရှိသော်လည်း အပြည့်အဝရေရှည်တည်တံ့သော စွမ်းအင်စနစ်ဆီသို့ဦးတည်သော လမ်းကြောင်းတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။ လျှပ်စစ်ဓာတ်အားလိုင်းများထဲသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမြောက်အမြား ပေါင်းစပ်ခြင်းသည် ဂရုတစိုက်စီစဉ်ခြင်းနှင့် သိသာထင်ရှားသော အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ ဓာတ်အားလိုင်းလုပ်ဆောင်သူများသည် ယုံကြည်စိတ်ချရသော ဓာတ်အားထောက်ပံ့မှုများကို ထိန်းသိမ်းထားစဉ် ထုတ်လုပ်မှုတွင် အတက်အကျများကို စီမံခန့်ခွဲရမည်ဖြစ်သည်။ ပိုမိုမြင့်မားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထိုးဖောက်နိုင်စွမ်းကို ပံ့ပိုးပေးရန်အတွက် စွမ်းအင်သိုလှောင်မှုစွမ်းရည်ကို ဆက်လက်တိုးချဲ့ရမည်။ ထုတ်လွှတ်မှုကွန်ရက်များ၊ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော ထုတ်လုပ်မှုအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံမှုများသည်လည်း အရေးကြီးနေဆဲဖြစ်သည်။

ထို့ပြင် စီးပွားရေးတိုးတက်မှု၊ စွမ်းအင်လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို ဟန်ချက်ညီစေရန်အတွက် မူဝါဒညှိနှိုင်းဆောင်ရွက်မှုများ အဆက်မပြတ်လိုအပ်သည်။ တရုတ်နိုင်ငံ၏စွမ်းအင်အသွင်ကူးပြောင်းမှုသည် မကြုံစဖူးအတိုင်းအတာဖြင့် ဖြစ်ပေါ်နေပြီး ထိရောက်သော စီမံခန့်ခွဲမှုသည် မရှိမဖြစ်လိုအပ်သည်။ သို့သော် နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာဆန်းသစ်တီထွင်မှုအပေါ် ခိုင်မာသော ကတိကဝတ်ကြောင့် ဤစိန်ခေါ်မှုများကို စီမံခန့်ခွဲနိုင်သောအရာအဖြစ် လေ့လာသုံးသပ်သူများစွာက ရှုမြင်ကြသည်။

**ကမ္ဘာလုံးဆိုင်ရာ အချက်ပြမှု**

တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အရေးကြီးသော သတင်းစကားတစ်ခုပေးပို့သည်။ ၎င်းသည်ကား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် စီးပွားရေးတိုးတက်မှု၏ အဓိကအင်ဂျင်တစ်ခုဖြစ်လာနိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ အတွေ့အကြုံအရ သန့်ရှင်းသောစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံမှုများသည် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီး ဆန်းသစ်တီထွင်မှုကို လှုံ့ဆော်ပေးနိုင်သည်။ စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေပြီး ရေရှည်တည်တံ့သော တိုးတက်မှုကို တစ်ပြိုင်နက်တည်း ပံ့ပိုးပေးနိုင်ကြောင်း အကြံပြုထားသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် စွမ်းအင်လုံခြုံရေးရည်မှန်းချက်များဆီသို့ ဦးတည်လုပ်ဆောင်နေချိန်တွင် တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးချဲ့မှုသည် ကြီးမားသောအပြောင်းအလဲများက မည်သို့အောင်မြင်နိုင်သည်ကို အစွမ်းထက်သော ဥပမာတစ်ခုအဖြစ်ပေးဆောင်သည်။ တရုတ်နိုင်ငံ၏ အောင်မြင်မှုသည် စွမ်းအင်အသွင်ကူးပြောင်းမှုပြီးမြောက်သွားပြီဟုမဆိုလိုပေ။ ၎င်းအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် အဓိက တိုးတက်မှုအရင်းအမြစ်နှင့် စီးပွားရေးခေတ်မီတိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်လာသည့် အဆင့်သစ်တစ်ခု၏ အစပျိုးမှုကို အမှတ်အသားပြုသည်ဟု ဆိုရမည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ မှတ်တိုင်သည် စာရင်းအင်းဆိုင်ရာ အောင်မြင်မှုထက်များစွာပို၍ ကိုယ်စားပြုသည်။ ၎င်းသည် စီးပွားရေးတိုးတက်မှုနှင့် စွမ်းအင်ထုတ်လုပ်မှုကြား ဆက်နွယ်မှုတွင် ကြီးမားသောပြောင်းလဲမှုတစ်ခုကို ထင်ဟပ်စေသည်။ ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးတိုးချဲ့မှုကြောင့် ထုတ်လုပ်သော နောက်ထပ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်အားလုံးကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များမှတစ်ဆင့် ဖြည့်ဆည်းပေးခဲ့ပြီး တရုတ်နိုင်ငံ၏ စိမ်းလန်းသောစီးပွားရေး၏ကြီးထွားလာသော ရင့်ကျက်မှုနှင့် ခွန်အားကို ပြသနေသည်။ ၂၀၂၆ ခုနှစ်တွင် လေနှင့် နေရောင်ခြည်စွမ်းအင် ဂစ်ဂါဝပ် ၃၀၀ ခန့် ထပ်မံတိုးချဲ့ရန် အစီအစဉ်များဖြင့် နိုင်ငံသည် ၎င်း၏ သန့်ရှင်းသော စွမ်းအင်အသွင်ပြောင်းမှုကို ပိုမိုအရှိန်မြှင့်တင်ရန်အသင့်ဖြစ်နေသည်။ ထိုသို့ တိုးချဲ့မှုသည် စီးပွားရေးအခွင့်အလမ်း များ၊ နည်းပညာဆန်းသစ်တီထွင်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများနှင့် စွမ်းအင်လုံခြုံရေးတိုးမြှင့်လာမှုများကို ဖော်ပြနေသည်။

သို့ဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာတွင် ပိုမိုအဓိကကျလာသည်နှင့်အမျှ တရုတ်နိုင်ငံ၏စိမ်းလန်းသောတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေး၏ အနာဂတ်ကို မည်သို့ပုံဖော်ပေးနိုင်သည်ကို ပြသနေသည်။ ဤအောင်မြင်မှုသည် တရုတ်နိုင်ငံအတွက်သာမက ပိုမိုသန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်အနာဂတ်ဆီသို့ ကမ္ဘာတစ်ဝန်းတွင် ကူးပြောင်းရန်အတွက်ပါ မှတ်တိုင်တစ်ခုအဖြစ်ရပ်တည်နေကြောင်း တင်ပြလိုက်ရပါသည်။

> ❖ တရုတ်နိုင်ငံ၏အောင်မြင်မှုသည် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အရေးကြီးသော သတင်းစကားတစ်ခုပေးပို့သည်။ ၎င်းသည်ကား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် စီးပွားရေးတိုးတက်မှု၏ အဓိကအင်ဂျင်တစ်ခုဖြစ်လာနိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ အတွေ့အကြုံအရ သန့်ရှင်းသောစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံမှုများသည် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီး ဆန်းသစ်တီထွင်မှုကို လှုံ့ဆော်ပေးနိုင်သည်။ စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေပြီးရေရှည်တည်တံ့သော တိုးတက်မှုကို တစ်ပြိုင်နက်တည်းပံ့ပိုးပေးနိုင်ကြောင်း အကြံပြုထားသည်။ ❖

**ကိုးကား**


- China Renewable Energy Develop–ment Report 2026, released June 2026.
- Xinhua News Agency, "Renewables Meet All Growth in China's Electricity Demand in 2025," June 2026.
- CGTN, "China's Green Power Met All Growth in Electricity Demand in 2025, June 2026.



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၈၀၁၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ်စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွကေ ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွကေ ပြောပြ၍ သိရသည်။

(၂၀၆)

# မုဒုံမြို့နယ် ကမာအုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မုဒုံ ဇူလိုင် ၈


မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာအုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် ဝန်ထမ်းများက ကမာအုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကမာအုပ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၇၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက ပြောပြ၍ သိရသည်။

သုတ









## မိဘအမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မသက်ဦးမေ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းမင်းနိုင်**နှင့် **ဒေါ်ရင်မေအောင်** ဖြစ်ပါကြောင်း။

**ဦးမင်းမင်းနိုင်(၉/ခမစ(နိုင်)၀၃၀၀၇၂)**
**ဒေါ်ရင်မေအောင်(၉/ပကခ(နိုင်)၀၂၂၄၁၂)**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်း ကိုယ်ပိုင်ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ)ဦးထွန်းနိုင်ဦး၏သား မောင်သက်တန့်ရောင်အား **မောင်ဟန်သာဟိန်းစံ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟန်သာဟိန်းစံ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြတ်စေတနာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မထက်ထက်ပိုင်၏ဖခင်အမည်မှန်မှာ **ဦးသိန်းမင်းထွန်း** ဖြစ်ပါကြောင်း။

**ဦးသိန်းမင်းထွန်း(၉/အမရ(နိုင်)၁၁၂၁၈၁)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၈)အောင်မင်္ဂလာပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-3 တွင် ပညာသင်ကြားလျက်ရှိသော မောင်မြတ်ဖုန်းခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးဝင်းဦး** ဖြစ်ပါကြောင်း။ **ဦးဝင်းဦး(၅/စကန(နိုင်)၁၉၅၅၆၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းမူမြို့နယ်၊ အောင်ဇေယျရပ်နေ (ဘ) ဦးပြည့်ဖြိုးကျော်၏သမီး **မသက်ထားဝေ**၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၉-၂၀၁၁ ဖြစ်ပါကြောင်း။ **မသက်ထားဝေ၊ ၉-၉-၂၀၁၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းမူမြို့နယ်၊ ဝမ်းပြည့်ကျေးရွာနေ (ဘ) ဦးသူရမိုး၏သား **မောင်နိုင်ခန့်ကို**၏ မွေးသက္ကရာဇ်အမှန်မှာ **၁၈-၂-၂၀၁၇** ဖြစ်ပါကြောင်း။ **မောင်နိုင်ခန့်ကို၊ ၁၈-၂-၂၀၁၇**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာနေ ဦးသီဟကျော်၏သား Grade-11 ဖြေဆိုမည့် မောင်ရန်နိုင်(၉/ပဥလ(နိုင်)၀၇၆၄၉၇)၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၈-၁၀-၂၀၀၅ ဖြစ်ပါကြောင်း။ ၈-၁၀-၂၀၀၅

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မြို့သစ်၊ Grade-8 တွင် ပညာသင်ကြားနေသော မယွန်းဝတီဦး၏ဖခင်အမည်မှန်မှာ **ဦးနိုင်ဦး** ဖြစ်ပါကြောင်း။

**ဦးနိုင်ဦး(၇/တငန(နိုင်)၀၂၃၃၀၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၈)အောင်မင်္ဂလာပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-3 တွင် ပညာသင်ကြားလျက်ရှိသော မဖွေးဖွေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးစိုင်းလှထွန်း** ဖြစ်ပါကြောင်း။ **ဦးစိုင်းလှထွန်း(၁၃/ကမန(နိုင်)၀၆၇၇၇၅)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်

၁။ မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်တင်ယာဉ်နှင့်ခေါက်တိုယာဉ်များ၏ ယာဉ်ပိုင်ရှင်/မောင်းနှင့် ယာဉ်နောက်လိုက်များ၏ (၂၀၂၆-၂၀၂၇)ခုနှစ် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် (၂၀၂၅-၂၀၂၆)ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်၍ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် ယကက (ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်)ရုံး၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်)၊ အခန်းအမှတ်(MM-5)တွင် လျှောက်လွှာများအခမဲ့ထုတ်ယူပြီး (၁၀-၇-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၂။ ပညာသင်ထောက်ပံ့ငွေနှင့်ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် လျှောက်လွှာတင်ရန် ကျန်ရှိမှုမရှိစေရေးအတွက် (၁၇-၇-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်တင်ယာဉ်/ခေါက်တိုယာဉ်
ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
မန္တလေးမြို့

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**အဖိုးတန် ရေချိုကို ချွေတာပါ**

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။




အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင် ကစား နေမှုကို တွေ့ရစဉ်။

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများက ဗိုလ်လုပွဲ ပွဲစဉ်လေးယောက်တွဲ ပြိုင်ပွဲဖြစ်သည့် မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

စာမျက်နှာ ၂၃ ကော်လံ ၄ ☆

## မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တရားမဝင် ရောင်းချခြင်းကျူးလွန်ခဲ့သည့် ခရီးသည်တင်ယာဉ် နှစ်စီးကို ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ

နေပြည်တော် ဇူလိုင် ၈

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)ကို နိုင်ငံတော်က သက်သာသော ဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ အကျိုးခံစားခွင့်ရရှိစေရေး YBS ယာဉ်များအနေဖြင့် ရန်ကုန်တိုင်း ဒေသကြီး

စာမျက်နှာ ၂၅ ကော်လံ ၁ ✱







မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တရားမဝင်ရောင်းချခြင်းကျူးလွန်ခဲ့ခြင်းကြောင့် ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်းအရေးယူခဲ့သည့် ခရီးသည်တင်ယာဉ် နှစ်စီး၏ မှတ်တမ်းဓာတ်ပုံ။

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၃၉ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ❖

**အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန် တိုက်ခိုက်** စာမျက်နှာ - ၆

**မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၄)တွင် သစ္စာအားမာန် အသင်းနှင့် ရှေ့ဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ** စာမျက်နှာ - ၈

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ အလုံး ၇၀ ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၈

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ●

ကရင်ပြည်နယ်မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးတွေ့ရစဉ်။



